# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၇၄)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁ ရက် ၊ ၇-၉-၂၀၂၅၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ်တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၆

မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဒုတိယအကြိမ် တွေ့ဆုံပွဲကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Shangri la ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ သို့ ★

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၆**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၇ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး

## အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့

ယနေ့သည် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ဖြစ်သည်။ လေထုညစ်ညမ်းမှု ဖြစ်ပေါ်ရခြင်း၏ အကြောင်းရင်းများနှင့် ဆိုးကျိုးများ၊ လေထုညစ်ညမ်းမှု လျှော့ချရေးနည်းလမ်းများကို ပြည်သူလူထုအတွင်း ပိုမိုသိရှိ နားလည်လာစေရန် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် (၇၄/၂၁၂)အရ နှစ်စဉ် စက်တင်ဘာ (၇) ရက်ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့(International Day of Clean Air for Blue Skies)အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ ယခုနှစ် ဆောင်ပုဒ်မှာ "လေထုအရည်အသွေးကောင်းမွန်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်စို့" ဖြစ်ပြီး လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်နိုင်ရန်၊ လေထုညစ်ညမ်းမှုနှင့် ပတ်သက်ပြီး ပြည်သူများ ပိုမိုသိရှိနားလည်လာစေရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ရန်နှင့် လေထုညစ်ညမ်းမှုကို တုံ့ပြန်ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

လေထုညစ်ညမ်းမှုဟူသည် လူတို့ ရှူနေရသည့် လေထုထဲတွင် အန္တရာယ်ရှိနိုင်သည့် ဓာတ်ပစ္စည်းများ၊ အမှုန်အမွှားများနှင့် ဇီဝပစ္စည်းများရောနှောပါဝင်နေသည့် လေထုအရည်အသွေး ကျဆင်းနေသည့် အခြေအနေပင်ဖြစ်သည်။ လေထုညစ်ညမ်းမှုသည် တောမီးလောင်ကျွမ်းခြင်းနှင့် မီးတောင်ပေါက်ကွဲခြင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ယာဉ်ယန္တရား မောင်းနှင်ခြင်းများ၊ စက်ရုံအလုပ်ရုံများ၊ သတ္တုတူးဖော်လုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများစသည့် လူသားတို့၏ ပယောဂကြောင့်လည်းကောင်း ဖြစ်ပေါ်လာရခြင်းဖြစ်ပြီး လူ့ပယောဂကြောင့် လေထုညစ်ညမ်းမှုက လူသားကမ္ဘာကို အဓိက ခြိမ်းခြောက်နေခြင်းဖြစ်သည်။

ထို့ပြင် လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာ၊ နှလုံးရောဂါတို့ဖြင့် သေဆုံးမှု၏ သုံးပုံတစ်ပုံသည် လေထုညစ်ညမ်းခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးမှ အသက် ၈ နှစ်မှ ၁၈ နှစ်အတွင်းရှိသော ကလေး ၁၄ ရာခိုင်နှုန်းတို့မှာ ပန်းနာရင်ကျပ် ဝေဒနာခံစားနေရသည်။ ရန်ကုန်ကဲ့သို့သော မြို့ကြီးများတွင် စက်ရုံ၊ အလုပ်ရုံနှင့် ယာဉ်ယန္တရားများကြောင့် လေထုညစ်ညမ်းမှု အများဆုံးဖြစ်ပြီး ကျေးလက်ဒေသများတွင် တောမီးရှို့ခြင်း၊ အမှိုက်မီးရှို့ခြင်း၊ မီးခိုးများစွာထွက်သည့် လောင်စာများသုံးပြီး ချက်ပြုတ်ခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုများက အများဆုံးဖြစ်သည်။ ထိုလေထုညစ်ညမ်းမှုကြောင့် သက်ကြီးရွယ်အိုနှင့် ကလေးငယ်များအပါအဝင် လူထုကျန်းမာရေးကို အန္တရာယ်ပြုနိုင်သည့်အတွက် လေထုညစ်ညမ်းမှုလျှော့ချရေး လူတိုင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လေထုညစ်ညမ်းမှု ပြဿနာသည် အစဉ်တစိုက်ရေရှည်ဖြေရှင်းဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်ဆိုင်ရာ အဓိကစိန်ခေါ်မှုတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေး၊ လက်ရှိလေထုအရည်အသွေး အခြေအနေများကို လေ့လာဆန်းစစ်နိုင်ရေးတို့အတွက် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်းကျင်လေထု အရည်အသွေး တိုင်းတာစစ်ဆေးမှုများကို လစဉ်ပုံမှန် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် သီရိမာလာငါးဈေးတွင် အထူးသန့်ရှင်းရေးဆောင်ရွက်





**မန္တလေး စက်တင်ဘာ ၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေးမြို့တော် သန့်ရှင်းသာယာလှပရေးအတွက် သီရိမာလာငါးဈေးတွင် အထူးသန့်ရှင်းရေးလုပ်ငန်းကို ယနေ့နံနက် ၇ နာရီမှ မွန်းလွဲပိုင်းထိ ဈေးအတွင်းအပြင်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေမြောင်းများဆယ်ယူခြင်း၊ အပင်များ အလင်းဖွင့်ကိုင်းရှင်းခြင်းလုပ်ငန်းများကို သန့်ရှင်းရေးဌာန၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန၊ ဈေးနှင့်သားသတ်ဌာန၊ ပန်းဉယျာဉ်နှင့်ကစားကွင်းများ ဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက အထူးသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ အထူးသန့်ရှင်းရေးလုပ်ငန်းကို ၂၆လမ်း၊ အောက်ကမ်းနားလမ်းအထိ ၂၅ လမ်းမှ မြို့ပတ်ကမ်းနားလမ်းကြား ဈေးပတ်လည်တို့တွင် ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်းတို့က ဌာနအလိုက် အထူးသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး နေ့စဉ်သန့်ရှင်းရေးလုပ်ငန်း အပတ်စဉ်သန့်ရှင်းရေးလုပ်ငန်းများ၊ လစဉ်သန့်ရှင်းရေးကို ပုံမှန်ဆောင်ရွက်ရန်နှင့် ဈေးဆိုင်ခန်းများစနစ်တကျ ရောင်းချရန်များကို မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး စက်တင်ဘာ ၆**



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ၈၆လမ်း ၁၀လမ်းနှင့် ၁၁လမ်းကြားနှင့် အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ ထန်းတပင်ရပ်၊ လမ်းငါးခွ၊ စစ်ကိုင်း-မန္တလေးလမ်း အရှေ့ဘက်တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ လမ်း၆၀၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၄လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းကြားတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်း၊ ၄၃လမ်းထောင့်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်းလမ်း၊ မိုးထိအောင်စည်ရိပ်သာအရှေ့၊ ဘောလုံးကွင်းအတွင်းတို့တွင်လည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းတွင်လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ထီးတန်းရပ်၊ ထီးတန်းပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ဈေးနှင့် သားသတ်ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများအဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အ·ထ·က ခွဲ(၅)ကျောင်းတွင် ယနေ့ နံနက်ပိုင်းက ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများတွင် မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာနိုင်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမျိုးကျော်သူနှင့် ဦးစိုးဝင်းအောင်တို့က အနီးကပ် ကြီးကြပ်ခဲ့ပြီး ထ·ခွဲ (၅) ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်တင်က ကြီးကြပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၆၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် ခရိုင်အဆင့်ပြိုင်ပွဲတွက် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စင်မင်းမောင်**

၀-၀-၀-၀-၀

၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



★ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့မှ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ ၁၂၀ ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာ

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများတည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် ၁၉၅၀ ပြည့်နှစ်မှစတင်၍ ထူထောင်ခဲ့ပြီးနောက်ပိုင်း နှစ်နိုင်ငံဆက်ဆံရေးတွင် မဟာဗျူဟာမိတ်ဖက်၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိသည့်အထိ အိမ်နီးချင်းနိုင်ငံကောင်းများ ဖြစ်လာကြကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံအကြားစီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ အခြားသောနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများတွင် ပိုမိုကျယ်ပြန့်လာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသောမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာသည် (Myanmar–China Comprehensive Strategic Cooperative Partnership) ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုအလားအလာကောင်းများဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတို့သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာသန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာအားကောင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်၊ ပဲမျိုးစုံနှင့် နှမ်းစသည့် စိုက်ပျိုးရေးထွက်ကုန်များ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံအချောထည်ထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိကြောင်း၊ ထို့အပြင် မိမိတို့အနေဖြင့် တန်ဖိုးမြင့်သစ်အခြေခံထုတ်ကုန်များအဖြစ်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပဈေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ မြန်မာ-တရုတ်နယ်စပ်တစ်လျှောက်တွင် စုစုပေါင်း နယ်စပ်ဂိတ် ရှစ်ခုရှိပါကြောင်း၊ လက်ရှိအချိန်တွင် နယ်မြေလုံခြုံရေးအခြေအနေအရ အဆိုပါနယ်စပ်ဂိတ် ရှစ်ခုအနက် မူဆယ်-ရွှေလီ နယ်စပ်ဂိတ် တစ်ခုသာ ဖွင့်လှစ်ထားရှိနိုင်ပြီး ကျန်နယ်စပ်ကုန်သွယ်ရေးဂိတ်များအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် ရပ်တန့်ထားရကြောင်း၊ မိမိတို့နှစ်နိုင်ငံကုန်သွယ်မှုကို ထိခိုက်စေခဲ့ကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေသောကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်အောင် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။

### ကုန်စည်စီးဆင်းမှုများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်

ယခုအခါ မြန်မာ-တရုတ် နယ်စပ်ဒေသမတည်ငြိမ်မှုများကြောင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်ဒေသများ၏ စီးပွားရေးကိုလည်း ထိခိုက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်-မြန်မာနှစ်နိုင်ငံလုံးအတွက် အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား(Landbridge) အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများသို့လည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာ အလေးထားပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်တိုးချဲ့ဖွင့်လှစ်နိုင်ပါက ကုန်ပစ္စည်းအမျိုးအစားများနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ(Value-Added Products) ချဲ့ထွင် တင်/ပို့ရေး၊ လမ်းပန်းဆက်သွယ်ရေးတိုးချဲ့ဖောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေးကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

❖ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင် ရှိ

❖ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဇူလိုင်လအထိ စုစုပေါင်းအမေရိကန်ဒေါ်လာသန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြားကုန်သွယ်မှု ခိုင်မာအားကောင်းနေသည်ကို တွေ့မြင်ရမည်ဖြစ်

တရုတ်နိုင်ငံ၏ အကူအညီအနေဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒူးမြို့သည် တရုတ်နိုင်ငံအနောက်ပိုင်းရှိ အဓိကစီးပွားရေးစင်တာဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် ကုန်သွယ်ရေး၊ နည်းပညာ၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင် စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများစွာရှိကြောင်း၊ ချန်ဒူးမြို့တွင် Intel၊ Foxconn၊ Dell တို့ကဲ့သို့ အီလက်ထရောနစ်နှင့် အိုင်တီနည်းပညာကုမ္ပဏီများ၊ စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စားသောက်ကုန်နှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ စသည့် လုပ်ငန်းများစွာ လုပ်ကိုင်ဆောင်ရွက်နေသည်ကို လေ့လာသိရှိရကြောင်း၊ ထို့ပြင်ချန်ဒူးမြို့တွင် နည်းပညာကဏ္ဍနှင့်ပတ်သက်၍ များစွာဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရပြီး တရုတ်နိုင်ငံအနောက်ပိုင်းဒေသတွင် ပထမဆုံး AI နည်းပညာ ဆန်းသစ်တီထွင်မှုနှင့် အသုံးချမှု စမ်းသပ်ဇုန်အဖြစ် မှတ်တိုင်ထူခဲ့သည်ကို လေ့လာသိရှိရကြောင်း၊ မိမိအနေဖြင့် အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်သွားလိုသည်ကို ပြောကြားလိုကြောင်း။

### ညှိနှိုင်းဆောင်ရွက်လျက်ရှိ

လက်ရှိအချိန်တွင် မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများစွာရှိကြောင်း၊ စီချွမ်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အကြား စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းလာစေရေးအတွက် ချစ်ကြည်ရင်းနှီးသောပူးပေါင်းဆောင်ရွက်မှုဆက်ဆံရေး တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ချန်ဒူးမြို့နှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တို့အကြားတွင်လည်း ချစ်ကြည်ရေးညီအစ်မမြို့ တည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးသွားရန်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံနှင့် စီချွမ်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့် ပြည်သူအချင်းချင်း ကူးလူးဆက်ဆံနိုင်ရေးတို့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားစဉ်ကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် ရန်ကုန်-ချန်ဒူး ခရီးသည်တင်လေကြောင်းလိုင်းများကိုလည်း ပြန်လည်ပြေးဆွဲနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။

စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် လူဦးရေများပြားသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်းထိစပ် တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့်နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင်မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံဆည်းရာနေရာ၌ ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများစွာရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

### ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း(Belt and Road Initiative-BRI)တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ အဆိုပါစီမံကိန်းတွင် ကုန်းလမ်းနှင့်ရေကြောင်း လမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဟူ၍ မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမမဏ္ဍိုင်တွင် တရုတ်နှင့် ဥရောပနိုင်ငံများ စီးပွားရေးချိတ်ဆက်မှု ပိုးလမ်းမသစ်(Silk Road Economic Belt)နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ၊ အာဖရိကနှင့် ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာဆက်သွယ်မှု ပိုးလမ်းမ(Maritime Silk Road)ဟူ၍ သတ်မှတ်ထားရှိကြောင်း။

အဆိုပါစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာစင်္ကြံခြောက်ခုပါရှိကာ မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်းနှစ်မျိုးလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ (BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများတွင် ကုန်းမြေတည်ရှိမှုအရ အကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေးမဟာဗျူဟာအရလည်း အချက်အချာကျသည့် နိုင်ငံတစ်ခုဖြစ်သည့်အပြင် အာရှအဝေးပြေးလမ်းနှင့် အာရှဖြတ်ကျော်ရထားလမ်းကွန်ရက်နှစ်ခုလုံး၏ အစိတ်အပိုင်းဖြစ်သည့်အတွက် ပိုးလမ်းမစီးပွားရေးရပ်ဝန်းတွင် အရေးပါသည့်နိုင်ငံဖြစ်ကြောင်း၊ အဆိုပါရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China-Myanmar Economic Corridor- CMEC)ကို တည်ထောင်ထားပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရန်၊ နယ်စပ်ဒေသများတွင် အထူးစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ CMEC မူဘောင်အောက်မှတစ်ဆင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဆိုင်ရာ ဆောလျင်စွာဆောင်ရွက်မည့်စီမံကိန်း(Early Harvest Project) ခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်တွင် နှစ်နိုင်ငံအကြား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင်ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ တရုတ်-မြန်မာ ရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော်မဟာဓာတ်အားလိုင်းစီမံကိန်း စသည့် အရေးကြီးသောစီမံကိန်းများစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစီမံကိန်းများအနက် တရုတ်-မြန်မာ ရထားလမ်းစီမံကိန်းသည် မိမိတို့နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရလဒ်ကောင်းများ ရရှိနိုင်သည့် အရေးပါသောစီမံကိန်းတစ်ခုဖြစ်ကြောင်း။

အဆိုပါမီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်ကိုလည်းတွေ့ရှိရကြောင်း၊ အာရှတိုက်နှင့်ဥရောပတိုက်နှစ်ခုလုံးတွင်ပါဝင်သော ရုရှားနိုင်ငံ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား အလယ်ဗဟိုတွင်ရှိသော မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ပထဝီအနေအထားအရ အချက်အချာကျလှကြောင်း၊ မိမိတို့အနေဖြင့် ရုရှားနိုင်ငံ၏ ဗဟိုချက်မမြို့တစ်မြို့ဖြစ်သော နိုဗိုစီဗစ်မြို့နှင့် ဥရောပတိုက်ဘက်တွင်တည်ရှိသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် စိန့်ပီတာစဘတ်မြို့တို့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်၍ နှစ်နိုင်ငံအကြား ကုန်စည်ကူးသန်းမှုများ တိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားကြောင်း၊ တရုတ်နိုင်ငံရှိ ချုံချင့်၊ ကူမင်း၊ နန်နင်း၊ ဟောင်ကောင်မြို့များတွင်လည်း မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍ မြှင့်တင်ရေးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ - တရုတ် - ရုရှား သုံးနိုင်ငံပူးပေါင်း၍ ကုန်သွယ်ရေးကဏ္ဍအား တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းကုန်စည်စီးဆင်းမှုကိုလည်း များစွာအထောက်အကူပြုနိုင်သည့် အခွင့်အလမ်းကောင်းများ ထွက်ပေါ်လာနိုင်ကြောင်း။

မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ် မေ ၁ ရက်မှ စတင်အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ်(ACFTA)နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေးအစီအမံများကြောင့် မိမိတို့နှစ်နိုင်ငံအကြားအပြင် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာ တိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်မိကြောင်း။

### ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိ

တရုတ်နိုင်ငံက ကြိုးပမ်းဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Global Development Initiatives-GDI)တွင်ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေသောကြောင့် မိမိတို့မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ လုပ်ငန်းလည်ပတ်လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် ရည်ရွယ်၍ ကုန်သွယ်မှု၊ နယ်စပ်ငွေ လွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ်တိုက်ရိုက် ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်သွားလိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာ ပံ့ပိုးပေးထားသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအဆင်ပြေစေရေး ယွမ်နှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်ရေး စဉ်းစားဆောင်ရွက်နေပြီး မကြာမီအချိန်အတွင်း အဖြေပေးနိုင်လိမ့်မည်ဖြစ်ကြောင်း။

### သိသာသည့်ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်

လာမည့်ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုရှိလာသည်နှင့် အမျှ စီးပွားရေးဆောင်ရွက်မှု အခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မြေပေါ်၊ မြေအောက် ရေသယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းလိုက်မည်ဆိုပါက နှစ်နိုင်ငံအတွက် သိသာသည့် ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်မြို့နှင့် ဟူနန်ပြည်နယ်တို့ရှိ တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများက မန္တလေးလျှောင်ကြီး လှုပ်ခတ်ပြီးချိန်၌ တရုတ်နိုင်ငံမှအဖွဲ့အစည်းများက အကူအညီပေးရေး လုပ်ငန်းများဆောင်ရွက်ခဲ့မှုနှင့် လေ့လာဆန်းစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ ငလျင်ဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံလိုမှု၊ ပို့ကုန်သွင်းကုန်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ချမှတ်ထားသည့်မူဝါဒများအား သိရှိလိုမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်လိုမှု၊ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ယွမ်နှင့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးစေလိုမှု၊ ရင်းနှီးမြှုပ်နှံမှုများအား အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကို သိရှိလိုမှု၊ သွင်းကုန်လုပ်ငန်းများအတွက် ခွင့်ပြုချက်လိုင်စင်များ လျှောက်ထားရာတွင် အချိန်ကာလကြာမြင့်မှုများ ဖြစ်ပေါ်နေမှုကို ဖြေရှင်းဆောင်ရွက်ပေးစေလိုမှု၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စက်ကိရိယာအသုံးအဆောင်ပစ္စည်းများ တင်ပို့လိုမှု၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်း လုပ်ငန်းစဉ်အား ဆက်လက်ဆောင်ရွက်သွားစေလိုမှု၊ တရုတ်-မြန်မာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လိုမှုအခြေအနေများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြသည်။

စာမျက်နှာ ၅ သို့ ★



တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများက မေးမြန်းဆွေးနွေးကြစဉ်။

☆ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ တရုတ်-မြန်မာ ရထားလမ်းစီမံကိန်း၊ တရုတ်-မြန်မာ နယ်စပ်ဖြတ်ကျော်မဟာဓာတ်အားလိုင်းစီမံကိန်း စသည့် အရေးကြီးသောစီမံကိန်းများစွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိ

☆ အဆိုပါစီမံကိန်းများအနက် တရုတ်-မြန်မာ ရထားလမ်းစီမံကိန်းသည် မိမိတို့နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးအတွက် အကျိုးရလဒ်ကောင်းများရရှိနိုင်သည့် အရေးပါသောစီမံကိန်းတစ်ခုဖြစ်

☆ အဆိုပါမီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့်ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့် ဆက်ဆံရေးကောင်းမွန်လျက်ရှိသော ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိ

★ စာမျက်နှာ ၄ မှ

မေးမြန်းဆွေးနွေးမှုများအပေါ် ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တင်ဒါလုပ်ငန်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်လာမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်စေလိုမှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်မြေနေရာများကို ခွင့်ပြုရာတွင်လည်း သတ်မှတ်ချက်များနှင့် အညီသာ ခွင့်ပြုပေးမှု၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမည်ဆိုပါက မြေလွတ်မြေရိုင်းများကို မြန်မာနိုင်ငံ မြေလွတ်မြေလပ်နှင့် မြေရိုင်းများဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ မြန်မာနိုင်ငံသို့ လာရောက်၍ ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်မှု၊ ကုမ္ပဏီများတွင် နည်းပညာရှင်များအား သတ်မှတ်ထားသည့်နှုန်းထားများဖြင့် ပညာရှင်များကို ငှားရမ်းရန် မူဝါဒချမှတ်ထားမှု၊ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပေါ်ဆန်းမွှေးဆန်အား တရုတ်နိုင်ငံသို့ တင်ပို့နိုင်မှု၊ မြန်မာနိုင်ငံမှ အထည်ချုပ်လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်ကိရိယာများ လိုင်စင်လျှောက်ထားခြင်းများ ဆောင်ရွက်ရာတွင် သွင်းကုန်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများကို မိမိတို့နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံပြီး ထုတ်လုပ်စေလိုမှု၊ စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာစေရေး လာရောက်ရင်းနှီးဆောင်ရွက်စေလိုမှု၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံစီမံကိန်းလုပ်ငန်းစဉ်အား နှစ်နိုင်ငံပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပြောကြားမှုများအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လျှင်ဘေးဒဏ်သင့်နေရာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ကုမ္ပဏီများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက လုပ်ငန်းများဆောင်ရွက်ခွင့်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အဆောက်အအုံများကို နိုင်ငံတော်အစီအစဉ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကအဆောက်အအုံများနှင့်ပတ်သက်၍လည်း UMFCCI ဖြင့် ချိတ်ဆက်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီမှ ကြိုတင်ငွေများဖြင့် ဆောင်ရွက်မည်ဆိုပါကလည်း ခွင့်ပြုပေးနိုင်ကြောင်း၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေးအတွက် ယွမ်နှင့်တိုက်ရိုက်ရင်းနှီးမြှုပ်နှံနိုင်ရေး စီစဉ်လျက်ရှိကြောင်း။

ကျပ်ငွေဖြင့် တိုက်ရိုက်ပေးချေမှုများကို ခွင့်ပြုပေးနိုင်ရေး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ချက်နှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ငွေကြေးများအား ပိတ်ဆို့ခံထားရမှုကြောင့် ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေပြီး ဆောင်ရွက်သွားမည်ဆိုပါက လုပ်ငန်းများ ပိုမိုလျင်မြန်လာမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။



တရုတ်ကုမ္ပဏီများမှ တာဝန်ရှိသူများက မေးမြန်းဆွေးနွေးကြစဉ်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့လာရောက်ခဲ့သည့် ခရီးစဉ်သည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ထိစပ်နေသည့် ပြည်နယ်များနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုမြှင့်တင်မှုနှင့် ပတ်သက်၍ ယခုထက် ပိုမိုတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအား တရုတ်နိုင်ငံသို့တင်သွင်းရန်နှင့် တရုတ်နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို မြန်မာနိုင်ငံသို့ တင်သွင်းရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယွမ်နှင့်ကျပ် တိုက်ရိုက်ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူပေးခြင်းအားဖြင့်လည်း တရုတ်နိုင်ငံမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် မြေပေါ်မြေအောက်နှင့် ရေ သယံဇာတများရှိကြောင်း၊ နယ်စပ်ကုန်သွယ်မှုများမှတစ်ဆင့် နှစ်နိုင်ငံအပြန်အလှန် ပို့ကုန်ပစ္စည်းများ တင်ပို့နိုင်ခြင်းဖြင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ယွမ်ဖြင့်လာရောက်၍ ရင်းနှီးမြှုပ်နှံနိုင်ရန် ခွင့်ပြုနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် သယံဇာတများကို ကုန်ကြမ်းများအဖြစ် ပြည်ပသို့တင်ပို့ခွင့်မပြုဘဲ ကုန်ချော သို့မဟုတ် တစ်ဝက်တစ်ပျက်ကုန်ချောအဖြစ်သာ တင်ပို့ခွင့်ပြုကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ကြစေလိုကြောင်း။

မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံထားသည့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများရှိ စက်ပစ္စည်းများအတွက် လိုအပ်သည့် သွင်းကုန်များကို ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရှိပြီးသားရင်းနှီးမြှုပ်နှံမှုများတွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကုမ္ပဏီများအလိုက် လာရောက်ဆွေးနွေးနိုင်ကြောင်း။

သဘာဝဝန်းကျင်ထိန်းသိမ်းမှုကို မထိခိုက်စေရန်အတွက် ပြည့်ဖြိုးမြဲစွမ်းအင်များ ထုတ်လုပ်နိုင်ရေး ဖိတ်ခေါ်ကြောင်း၊ အထူးသဖြင့် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ချိန်တွင် လုံခြုံရေးအရ အကာအကွယ်ပေးရေးအတွက်လည်း ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲပြီးဆုံးချိန်၌ တည်ငြိမ်အေးချမ်းမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ အေးအတူပူအမျှနိုင်ငံ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံ၊ မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်သကဲ့သို့ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် မိတ်ဆွေရင်းနိုင်ငံဖြစ်၍ ရဲရဲတင်းတင်းလာရောက်ရင်းနှီးမြှုပ်နှံကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# ပွဲလယ်တင့်မြင်ကွင်း

✲ ချစ်တဲ့သူငယ်လေ၊
ပြည်ထောင်စုဖွား ပြည်ထောင်စုသား
ညီအစ်ကိုမောင်နှမများတို့ရေ။

✲ တရုတ်ပြည်သူ့သမ္မတနိုင်ငံက
ဖိတ်ကြားတဲ့ပွဲကို
တို့နိုင်ငံ အကြီးအကဲ
ဆင်နွှဲတဲ့ခရီးစဉ်မှာ
ရွှင်ရွှင်လန်းလန်း၊ အပြုံးပန်းတွေနဲ့
တခမ်းတနား ကြိုကြတယ်။

✲ တို့နိုင်ငံအကြီးအကဲရဲ့
ပွဲလယ်တင့်မြင်ကွင်းက
နှင်းရည်ဆမ်းတဲ့ပန်းလို
သင်းကြည်လို့လန်းနေတာပဲအေး။

✲ တရုတ်နဲ့ မြန်မာ
မဂ်လာအပြည့်၊ ကျက်သရေရှိပါပေ့
တစ်မိသားနဲ့ တစ်မိသား
ညီအစ်ကို မောင်နှမများလို
လေးစားချစ်ကြင်၊ သံယောဇဉ်နဲ့
ရင်ချင်းအပ်ကျောချင်းကပ်
တစ်ထပ်တည်း တစ်သားတည်း
လက်ပွန်းတတီး၊ တရင်းတနှီး
ခရီးအတူလျှောက်
တစ်ယောက်အား တစ်ယောက်ကိုးတဲ့
ဆွေမျိုးပေါက်ဖော်တွေမဟုတ်လားအေး။

✲ ပေါက်ဖော်ဆွေမျိုး၊ ဝေစည်ဖြိုးအောင်
အားကြိုးမာန်တက် ဆောင်ကြတယ်။

✲ ခရီးလမ်းကြောင်း၊ မတိမ်းစောင်းအောင်
မိတ်ကောင်းဆွေဝတ် ကျေကြတယ်။

✲ အရေးကြီးက၊ သွေးနီးကြလို့
ဖေးမကူညီ စောင့်ရှောက်တယ်။

✲ နိုင်ငံတကာ၊ မျက်နှာစာမှာ
ထည်ဝါခံ့ညား ပါပေ့တယ်။

✲ နိုင်ငံတကာကပါ၊ ကြွရောက်လာတဲ့
ကမ္ဘာ့တစ်လွှား၊ ခေါင်းဆောင်များ
အားရမဆုံး၊ ချီးလွင်ပြုံးလို့
နှလုံးစိတ်ဝမ်း၊ ပီတိလွှမ်းကာ
ချမ်းမြေ့ကြည်နူး ကြတယ်အေး။

✲ နိုင်ငံ့ဦးသျှောင်၊ တို့ခေါင်းဆောင်နှင့်
ညီနောင်အလား၊ ခေါင်းဆောင်များတို့
နီးကြားအမြင်၊ တူယှဉ်ဆွေးနွေး
အလေးထားကာ၊ အဖြေရှာ၍
ကောင်းရာကောင်းကျိုး၊ ဆောင်သယ်ပိုးသည်
တန်ဖိုးအနန္တ ပါပဲအေး။

✲ ခေါင်းဆောင်အချင်းချင်း၊ မေတ္တာနှင်းလို့
ရင်တွင်းအေးမြ ကြည်နူးကြတယ်။

✲ တစ်စိတ်တစ်ဝမ်း၊ ရွှေသို့လှမ်းဖို့
ရွှေလမ်းငွေလမ်း ဖောက်ကြတယ်။

✲ အလိုလေ့အိုင်
တို့နိုင်ငံတို့လူမျိုးရဲ့
ကောင်းကျိုးကိုဆောင်၊ ကောင်းကျိုးအောင်သည့်
ဂုဏ်ရောင်တင့်ရှန်း၊ အမှုကွန်းကို
ဖော်ညွှန်းလိုက်တယ် အေတို့ရေ။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်ခဲ့ပြီး နှစ်နိုင်ငံနှင့် နိုင်ငံတကာမှ ခေါင်းဆောင်များအားတွေ့ဆုံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူလူထုက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်



နေပြည်တော် စက်တင်ဘာ ၆

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုအရ တရုတ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ စီချွမ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး၊ ချုံချင့်မြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည် လိုက်ပါလာခဲ့ကြသည်။

စာမျက်နှာ ၇ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား အနုပညာရှင်များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြစဉ်။

☆ စာမျက်နှာ ၆ မှ

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဘာသာပေါင်းစုံအသင်း အဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် "တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ"၊ "အမျိုး၊ ဘာသာ၊ သာသနာ အတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ"၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်ပါစေ" စသည့် ကြွေးကြော်သံများကို ကြွေးကြော်၍ လည်းကောင်း၊ "မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက် အောင်မြင်ပါစေ"၊ "နိုင်ငံ့အရေးအတွက် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏"၊ "မြန်မာ-တရုတ် အေးအတူပူအမျှဖြင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်မှု အောင်မြင်ပါစေ" စသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း တရုတ်-မြန်မာ နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာလာစဉ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာကြသည့် မီဒီယာများ၏သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ပြီး မေးမြန်းဖြေကြားမှု အပြည့်အစုံမှာ -

ကျွန်တော်ပြီးခဲ့တဲ့ ဩဂုတ်လ ၃၀ ရက်နေ့ကနေစပြီးတော့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ပြုလုပ်တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအပေါင်း အစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်ရဲ့ ဖိတ်ကြားချက်အရ တက်ခဲ့ပါတယ်။ ဒီမှာလည်း အစည်းအဝေးအဖွဲ့ဝင်နိုင်ငံတွေ၊ လေ့လာသူနိုင်ငံ၊ ဆွေးနွေးဖက်နိုင်ငံတွေ တက်ကြပါတယ်။ တော်တော်များများ ခေါင်းဆောင်တွေနဲ့ Bilateral တွေ့ဆုံနိုင်ခဲ့တာရှိသလို တွေ့ဆုံဆွေးနွေးပြောကြားမှုတွေလည်း ရှိပါတယ်။ အလားတူစွာပဲ စက်တင်ဘာလ ၃ ရက်နေ့မှာပြုလုပ်တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ် (၈၀) ပြည့် အခမ်းအနားကိုလည်း တက်ရောက်ခဲ့ပါတယ်။ တော်တော်ကို အောင်မြင်တဲ့ ကောင်းမွန်တဲ့အခမ်းအနားတွေလည်းဖြစ်ပါတယ်။ အထူးသဖြင့်ကမ္ဘာမှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ပြဿနာတွေ၊ အခြေအနေအရပ်ရပ်ကို ဒီမှာ ပွင့်ပွင့်လင်းလင်းပဲ ဆွေးနွေးခဲ့တာရှိတယ်၊ ကျွန်တော် နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တွေ့ဆုံတဲ့ အချိန်မှာလည်း နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်တွေနဲ့ မြန်မာနိုင်ငံမှာ လာမယ့် ဒီဇင်ဘာလမှာ ပြုလုပ်မယ့် ရွေးကောက်ပွဲ အခြေအနေကို ကျွန်တော်ရှင်းပြပါတယ်။ တွေ့ဆုံဆွေးနွေးခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေရော၊ တွေ့ဆုံပြောဆိုနိုင်ခဲ့တဲ့ ခေါင်းဆောင်တွေရောက မြန်မာနိုင်ငံကို ကမ္ဘာမှာအပြည့်အဝ နားလည်ပြီးတော့မှ အားလုံးရပ်တည်ထောက်ခံမှု ပြုခဲ့ကြတယ်။ စောစောကပြောတဲ့ ဒီဇင်ဘာလမှာပြုလုပ်မယ့်ရွေးကောက်ပွဲလည်း အားလုံးထောက်ခံတယ်။ သူတို့လည်း ဒီဟာနဲ့ပတ်သက်ပြီးတော့ အောင်မြင်အောင် သူတို့ဆန္ဒပြုတဲ့ အကြောင်းတွေလည်း သူတို့ပြောပါတယ်။ ကျွန်တော် ပြီးခဲ့တဲ့ရက်က တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းမှာရှိတဲ့ ဟာပင်းမြို့ကို သွားခဲ့ပါတယ်။ အဲ့မှာလည်း စိုက်ပျိုးရေးလုပ်ငန်း၊ အီလက်ထရောနစ်၊အင်ဂျင်နီယာ


စာမျက်နှာ ၈ သို့ ☆



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့တို့က ကြိုဆိုကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ China Southwest Architectural Design and Research Institute Corporation(CSWADI) သို့သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၆

တရုတ် ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် China Southwest Architectural Design and Research Institute Corporation (CSWADI) သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် China Southwest Architectural Design and Research Institute Corporation(CSWADI) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် China Southwest Architectural Design and Research Institute Corporation(CSWADI) အတွင်း ပြသထားသည့် ကော်ပိုရေးရှင်းမှ ဆောက်လုပ်ထားသော စွမ်းအင်ချွေတာနိုင်သည့် ဆောက်လုပ်ရေး စီမံကိန်းများ၊ အထပ်မြင့် အဆောက်အအုံများ၊ တံတားများ၊ ဟိုတယ်များ၊ အားကစားရုံများ၊ ဆေးရုံများနှင့် နိုင်ငံတကာ၌ အဆောက်အအုံများ ဆောက်လုပ်နေမှုအခြေအနေများ၊ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး အတွက် ငလျင်ဒဏ်သင့်ခဲ့သည့် အဆောက်အအုံများအား သုတေသနပြုလုပ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ China Southwest Architectural Design and Research Institute Corporation(CSWADI) တွင်ကြည့်ရှုလေ့လာစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် China Southwest Architectural Design and Research Institute Corporation (CSWADI)မှ တာဝန်ရှိသူတို့ လက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

ဒီဇိုင်းအသစ်များ ရေးဆွဲဆောက်လုပ်မှု အခြေအနေများ၊ ငလျင်ဒဏ်ကို ကြိုတင်ကာကွယ်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် လာရောက်၍ အဆောက်အအုံများ ဆောက်လုပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းပြသရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက သိရှိလိုသည်များပြန်လည် မေးမြန်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက China Southwest Architectural Design and Research Institute Corporation(CSWADI) ၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၇ မှ

လုပ်ငန်း ဒါတွေကြည့်ခဲ့တာပေ့ါလေ။ ထို့အတူပဲ နောက်ဆုံးခရီးစဉ်အဖြစ် စီချွမ်ပြည်နယ် ချန်ဒူးကို ရောက်ပါတယ်။ စီချွမ်ပြည်နယ်မှာလည်း ငလျင်ဒဏ်နဲ့ပတ်သက်ပြီး ကြုံတွေ့ခံစားပြီးတော့မှ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို တကယ့်ကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့တဲ့ ပြည်နယ်တစ်ခုဖြစ်တော့ သူတို့ရဲ့ အတွေ့အကြုံကို မျှဝေကြည့်ရှုခဲ့တာရှိတယ်။ နောက်စိုက်ပျိုးရေးလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ မေးမြန်းဆွေးနွေးနိုင်ခဲ့တာ ရှိပါတယ်။ အင်မတန် အားရဖို့လည်း ကောင်းပါတယ်။ အလားတူပဲ တီယန်ကျင်းရော၊ ချန်ဒူးမှာရော တရုတ်နိုင်ငံရဲ့ စီးပွားရေးကိုယ်စားလှယ်အဖွဲ့တွေ၊ ကုမ္ပဏီတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပြီးတော့ ကျွန်တော်နဲ့ပါလာတဲ့ ဝန်ကြီးတွေကလည်း သူတို့ရဲ့ မေးမြန်းချက်တွေလည်း ဖြေကြားပေးတာတို့ ကျွန်တော်ကိုယ်တိုင်လည်း သူတို့ရဲ့ သိလိုတဲ့အချက်အလက်တွေပေ့ါ၊ သူတို့မေးတဲ့ အပြင်ကို ကျွန်တော်ကလည်း သိသင့်တဲ့ အချက်အလက်တွေကိုလည်း ဖြေပေးနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနဲ့ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်တွေကတော့ တော်တော်ကိုတိုးတက်အောင်ဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ပြောချင်တယ်။ နောက်တစ်ခုကလည်း တရုတ်နိုင်ငံကတော့ အလုံးစုံ AI ကို အတော်လေး ဦးစားပေးလာတာ တွေ့ပါတယ်။ Green Zone၊ Green Revolution လို့ပြောမလား အစိမ်းရောင်နဲ့ ပတ်သက်တဲ့ဟာကိုတော့ သူတို့တော်တော် ဦးစားပေးတာကို တွေ့တယ်။ ကျွန်တော်တို့ တော်တော်အတုယူဖို့ ကောင်းပါတယ်။ ကျွန်တော်တို့လည်း မြန်မာနိုင်ငံမှာလည်း "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဆိုတဲ့ ဆောင်ပုဒ်နဲ့ လုပ်နေတာရှိပါတယ်။ ကျွန်တော့်ရဲ့မူဝါဒပါပဲ။ ကျွန်တော်တို့က ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နဲ့ နိုင်ငံတော်ကို လှုပ်ရှားရမှာဖြစ်ပါတယ်။ အလားတူစွာပဲ အစည်းအဝေး ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဖို့လိုတယ်ဆိုတဲ့ အခါကျတော့ ကျွန်တော်တို့လည်း ကုန်ထုတ်လုပ်မှုတွေ လုပ်မှရမယ်။ သူတို့ဆီကနေ ကုန်ပစ္စည်းတွေ သွင်းရုံနဲ့မရဘူး။ ကျွန်တော်တို့ ပစ္စည်းတွေလည်း ပို့ဖို့လည်းလိုတယ်။ ကုန်ထုတ်လုပ်မှုတွေ ကျွန်တော်တို့လုပ်ရမယ်။ ဒါကြောင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုတဲ့ ဆောင်ပုဒ်လေး ကျွန်တော်နဲ့ ဆောင်ရွက်နေတာ ရှိပါတယ်။ တိုင်းပြည်အတွက် အလုပ်လုပ်ဖို့ လိုတယ်။ အလုပ်မလုပ်ဘဲနဲ့တော့ မရဘူး။ နောက်တစ်ခါ နည်းပညာလည်း တော်တော်မြင့်မားတာ တွေ့ပါတယ်။ ကျွန်တော် ရောက်ခဲ့တဲ့ခရီးစဉ် အကြိမ်ကြိမ်ရှိပါပြီ။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေက အံ့မခန်းဖွယ်ရာဖြစ်အောင်ရှိပါတယ်။ တကယ်ကို တကယ်လက်တွေ့ကျကျ သုံးသပ်ကြည့်မယ်ဆိုရင် ဒီအတိုင်းပဲတွေ့ပါတယ်။ ကျွန်တော်တို့က သူတို့ကို အမီလိုက်နိုင်ဖို့ တော်တော်ကို လိုပါတယ်။ တိုးတက်ဖို့ဆိုရင်လည်း အတတ်ပညာ၊ အသိပညာတွေ တော်တော်လိုပါတယ်။ အတတ်ပညာ၊ အသိပညာ ရဖို့အတွက်ဆိုရင် ပညာရေးကလည်း အခြေခံတွေကောင်းမှ ရမယ်။

ဒါကြောင့် အခြေခံဖြစ်တဲ့ ပညာရေးကောင်းအောင်လည်း ကြိုးစားဖို့လိုပါတယ်။ ပညာတတ်တွေ ပေါကြွယ်ဝပြီဆိုမှ အတတ်ပညာတွေ ပိုကောင်းလာပြီးတော့ သူတို့နဲ့ယှဉ်ပြီး လုပ်နိုင်မယ်။ သူတို့ ကျွန်တော့်ကိုမေးတဲ့မေးခွန်းတစ်ခုရှိတယ်။ သူတို့ တကယ်လို့ မြန်မာနိုင်ငံမှာ လာရောက်အလုပ်လုပ်ပြီဆိုရင် မြန်မာနိုင်ငံက လူသားအရင်းအမြစ်တွေကို ရနိုင်မလားဆိုတဲ့ဟာတွေ၊ သတ်မှတ်ထားတဲ့အတိုင်း တာဝန်ပေးရမှာလား ဆိုတဲ့မေးခွန်းတွေ မေးလာတယ်။ ကျွန်တော်တို့ ဥပဒေက လုပ်ကိုလုပ်ရမယ်။ ဒီလိုလုပ်နိုင်ဖို့ဆိုရင်လည်း သူတို့နဲ့လက်တွဲပြီးတော့မှ ယှဉ်တွဲပြီးလုပ်နိုင်မယ့် လူသားအရင်းအမြစ်တွေလိုတယ်။ အဲဒီ လူသားအရင်းအမြစ်တွေ မလုပ်နိုင်ဘဲနဲ့ ကျွန်တော်တို့ ဘယ်လိုလက်တွဲ လုပ်လို့ရမလဲ။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်ကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ကြိုးစားအားထုတ်ဖို့ လိုတယ်ဆိုတာ ပြောချင်ပါတယ်။ ဒီလိုလုပ်နိုင်ဖို့ဆိုရင် တိုင်းပြည် တည်ငြိမ်အေးချမ်းဖို့လိုတယ်။ တိုင်းပြည်တည်ငြိမ် အေးချမ်းဖို့အတွက်ဆိုရင် တကယ်ကို အသိရှိရှိနဲ့ လုပ်မှရမှာ။ ကျွန်တော်တို့ ရပ်တည်ချက်လည်း ဘယ်လိုမှမပြောင်းလဲပါဘူး။ ကျွန်တော် ရအောင်လုပ်သွားမှာဖြစ်ပါတယ်။

လာမယ့် ဒီဇင်ဘာ ရွေးကောက်ပွဲပြီးလို့ရှိရင် နောက်ထပ်ဖြစ်ပေါ်လာမယ့် ပြည်သူကရွေးချယ်တဲ့ လမ်းကြောင်းအတိုင်းပဲ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရှေ့ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်သွားမှာဖြစ်ပါတယ်။ အဲဒီမှာမှ ကျွန်တော်တို့က ဒါကိုပဲ အငြင်းပွားပြီးတော့မှ လုပ်နေမယ်ဆိုရင် ကနကောစ လုပ်နေမယ်ဆိုရင်တော့ တိုးတက်မှုအသီးအပွင့်တွေဟာ အပြည့်အဝ ခံစားရမှာတော့ မဟုတ်ဘူး။ ဒါကြောင့် တည်ငြိမ်အေးချမ်းဖို့အတွက်လည်း လိုပါတယ်။ တည်ငြိမ်အေးချမ်းဖို့ဆိုရင် နိုင်ငံရေးအသိရှိရှိနဲ့ လုပ်ဖို့လည်းလိုပါမယ်။ နံပါတ်တစ်အချက် တည်ငြိမ်အေးချမ်းအောင် ကြိုးစားရမယ်။ အတန်းပညာရှိအောင် ကြိုးစားရမယ်။ ပြီးလို့ရှိရင် ပညာရေးနဲ့ ပတ်သက်ပြီး ရအောင်မြှင့်တင်ပေးရမယ်။ ကျွန်တော်တို့ အလုပ်လုပ်ဖို့လိုတယ်။ ဒါတွေလုပ်နိုင်မှသာ ကျွန်တော်တို့အခုသွားတဲ့ ဒီခရီးစဉ်အတွင်းမှာ ရရှိခဲ့တဲ့ ရလဒ်တွေကို ကျွန်တော်တို့က ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်ဗျ။ **သတင်းစဉ်**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချန်ဒူးမြို့၌ မီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချန်ဒူးမြို့၌ မီဒီယာများ၏မေးမြန်းမှုများအား ပြန်လည်ဖြေကြား

နေပြည်တော် စက်တင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ ချန်ဒူးမြို့သို့ ရောက်ရှိနေစဉ်အတွင်း ချန်ဒူးမြို့ရှိ Shanghai La ဟိုတယ်၌ ယနေ့မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ် လာရောက်ခဲ့မှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံ သတင်းမီဒီယာများ၏ မေးမြန်းမှုများအား ပြန်လည်ဖြေကြားခဲ့သည်။

ထိုသို့ လက်ခံဖြေကြားခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မီဒီယာများဖြစ်ကြသည့် Chengdu Daily၊ Chengdu Business Daily၊ West China Metropolis Daily၊ Chengdu Television (CDTV)၊ SichuanTelevision(SCTV)၊ China Central Television(CCTV)၊ People's Daily Online နှင့် China xinhua news တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရုတ်နိုင်ငံသို့ အလုပ်သဘော ခရီးစဉ်အတွင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation-SCO SUMMIT 2025)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့မှုအခြေအနေ၊ တီယန်ကျင်းမြို့နှင့် ချန်ဒူးမြို့တို့၌ မြန်မာ-တရုတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေးပွဲများဆောင်ရွက်၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ခဲ့မှု အခြေအနေများအား မေးမြန်းမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ မီဒီယာများနှင့် တွေ့ဆုံစဉ် ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အလုပ်သဘောခရီးစဉ်အတွင်း SCO ထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့မှု၊ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို အောက်ပါအတိုင်း ရှင်းလင်း ပြောကြားခဲ့ပါသည်-



တရုတ်နိုင်ငံသတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းစဉ်။

အားလုံးပဲမင်္ဂလာပါ။ ကျွန်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr.Xi Jinping ရဲ့ ဖိတ်ကြားချက်အရ ပြီးခဲ့တဲ့ ဩဂုတ်လ ၃၀ ရက်နေ့ကနေ ဒီနေ့ စက်တင်ဘာလ ၆ ရက်နေ့အထိ ရှစ်ရက်ကြာ တရုတ်နိုင်ငံကို ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပထမဆုံး ဩဂုတ်လ ၃၁ ရက်နေ့မှာတော့ တီယန်ကျင်းမြို့မှာ ပြုလုပ်ခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအပေါင်း အစည်းအဝေးကို ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ အဲဒီမှာတော့ ကျွန်တော် မူလအဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအနေနဲ့ ရှိတဲ့အခါမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ်မှာ ရောက်ရှိပြီးဖြစ်တဲ့အတွက်ကြောင့် ဒီအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး ဖိတ်ကြားချက်အရ လာရောက်တက်ရောက်ခဲ့ပြီး ကျွန်တော်လည်း မိန့်ခွန်းပြောကြားခဲ့ပါတယ်။ အဲဒီမှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးက ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းတွေ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက် ငါးခု(Global Governance Initiative ငါးချက်) ကို အဆိုပြုဆွေးနွေးခဲ့ပါတယ်။ လက်ရှိ ကမ္ဘာ့အခြေအနေနဲ့ ကိုက်ညီပါတယ်။ ကျွန်တော်တို့ ကမ္ဘာ့နိုင်ငံတွေမှာ ဖွံ့ဖြိုးပြီးနိုင်ငံတွေရှိတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံတွေရှိတယ်။ ဆင်းရဲတဲ့နိုင်ငံတွေရှိတယ်။ ဒီနိုင်ငံတွေဟာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အခြေအနေချင်း မတူပေမယ့်လည်း၊ တချို့ တူညီတဲ့အခြေအနေတွေ ရှိပေမယ့်လည်း အင်အားကြီးတဲ့နိုင်ငံတွေက အင်အားတူညီတဲ့နိုင်ငံတွေရော၊ အင်အားနည်းတဲ့ နိုင်ငံတွေရောကို နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေး အမျိုးစုံနဲ့ ဖိအားပေးနေတာကို ကြုံတွေ့နေရပါတယ်။ ဒီဟာကို သမ္မတကြီး H.E.Mr.Xi Jinping က ထောက်ပြပြီးတော့ ဒါကို ပြုပြင်ပြောင်းလဲဖို့ လိုအပ်တဲ့အကြောင်းကို ပြောခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ဒီအဆိုပြုချက် ငါးချက်ကိုအပြည့်အဝထောက်ခံကြောင်း ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ ကမ္ဘာ့ခေါင်းဆောင်များကလည်း ထောက်ခံဆွေးနွေးခဲ့ကြပါတယ်။ ဒီရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ရဲ့ အစည်းအဝေးကတော့ လုံးဝအောင်မြင်တဲ့ အစည်းအဝေးတစ်ခုဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ တစ်ဆက်တည်းမှာပဲ စက်တင်ဘာလ ၃ ရက်နေ့က ပြုလုပ်ခဲ့တဲ့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အခမ်းအနားကိုလည်း ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ အင်မတန်ကြီးကျယ်ခမ်းနားတဲ့ စစ်ရေးပြအခမ်းအနားကြီး ဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ တရုတ်တပ်မတော်ရဲ့ စနစ်တကျလေ့ကျင့်ထားမှုကိုလည်း အကောင်းဆုံးဖြစ်တာကို ကျွန်တော်တွေ့ပါတယ်။ နောက် တရုတ်ပြည်သူများရဲ့ စည်းကမ်းအပြည့်အဝရှိမှုကိုလည်း ကျွန်တော် တွေ့ရှိပါတယ်။ နောက် တတိယအနေနဲ့ကတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ကာကွယ်ရေးစွမ်းပကား မြင့်မားတယ်ဆိုတာကို ဒီမှာတွေ့ရပါတယ်။ နောက်တစ်ခါ ကမ္ဘာကြီးကို တရုတ်နိုင်ငံအနေနဲ့ အကာအကွယ်ပေးနိုင်တယ် ဆိုတာကိုလည်း ကျွန်တော်တို့ ဒီမှာတွေ့ပါတယ်။ တချို့ပစ္စည်းတွေဆိုရင် ကျွန်တော်တို့ လုံးဝကိုမထင်တဲ့ ကာကွယ်ရေးပစ္စည်းတွေ တွေ့ပါတယ်။ ဒီကာကွယ်ရေးပစ္စည်းတွေက ကမ္ဘာကိုခြိမ်းခြောက်နေတဲ့ အင်အားကြီးနိုင်ငံတွေရဲ့ အန္တရာယ်ကို ကာကွယ်ပေးနိုင်မယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဖက်ဆစ်တွေရဲ့ နှိပ်စက်မှုဒဏ်ကိုခံခဲ့ရတဲ့ တော်လှန်မှု နှစ်(၈၀)ပြည့်တဲ့ကာလ ဖြစ်တဲ့အတွက်ကြောင့် အဓိပ္ပာယ်ရှိတဲ့၊ အကျိုးရှိတဲ့ စစ်ရေးပြအခမ်းအနားကြီးတစ်ခုဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ တစ်ဆက်တည်းမှာပဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ဘက်မှာရှိတဲ့ ဟေလုံကျန်းပြည်နယ်နဲ့ ဒီနေ့ ကျွန်တော်ရောက်ရှိနေတဲ့ စီချွမ်ပြည်နယ်တို့ကိုလည်း နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်နိုင်ဖို့ ကျွန်တော်ချစ်ကြည်ရေးခရီး ဆက်လာခဲ့တာဖြစ်ပါတယ်။ ဒီနေ့ခရီးစဉ် ဒီတင်ပြီးပြီ ဖြစ်ပါတယ်။

နောက်ထပ် ခရီးစဉ်အတွင်းမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်တွေ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတာ ကျွန်တော်လေ့လာတဲ့အခါမှာ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ဖို့အတွက် အခွင့်အလမ်းတွေ များစွာရှိတာကို ကျွန်တော်တွေ့ပါတယ်။ နောက်တစ်ခါ စီးပွားရေးနဲ့ပတ်သက်ပြီး ရောင်းဝယ်ဖောက်ကားမှု၊ ကုန်သွယ်မှုနဲ့ပတ်သက်ပြီးတော့လည်း များစွာ ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေ များစွာရှိတယ်ဆိုတာလည်း နှစ်ဖက်လုံးမှာ ကျွန်တော်တွေ့ပါတယ်။ တီယန်ကျင်းမှာရော၊ စီချွမ်မြို့မှာရော၊ ဟာပင်းမှာရော၊ ချန်ဒူးမြို့မှာရော နှစ်နိုင်ငံမှာရှိတဲ့ ကုန်သည်ကြီးများနဲ့ ကျွန်တော်တွေ့ဆုံပြီးတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအခွင့်အလမ်းနဲ့ ပတ်သက်ပြီးတော့ ပွင့်ပွင့်လင်းလင်း ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်နဲ့ အဖွဲ့ဝင်အဖြစ်ပါလာတဲ့ ဝန်ကြီးတွေကလည်း အကုန်ပြည့်ပြည့်စုံစုံ ရှင်းပြနိုင်ခဲ့ပါတယ်။ တရုတ်ကုန်သည်များကလည်း စိတ်ဝင်တစားနဲ့ ပါဝင်ဆွေးနွေးပြောကြားခဲ့မှုများ၊ လာရောက်တွေ့ဆုံတက်ရောက်ခဲ့မှုများရှိလို့ ကျွန်တော်တို့ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု များစွာမျှော်လင့်ချက်ရှိနေကြတယ်ဆိုတာ ကျွန်တော်တို့ တွေ့ပါတယ်။ ကျွန်တော် တရုတ်နိုင်ငံကိုလာတာ ၁၂ ကြိမ်မြောက် ခရီးစဉ်ဖြစ်ပါတယ်။ ဒီ ၁၂ ကြိမ်မြောက် ခရီးစဉ်မှာ ဒီခရီးစဉ်က အအောင်မြင်ဆုံး ခရီးစဉ်တစ်ခုလို့ ကျွန်တော် ပြောလိုပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ စာမျက်နှာ ၁၀ သို့ »»»

»»» စာမျက်နှာ ၉ မှ

မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံ ဖြစ်ပါတယ်။ တရုတ်နိုင်ငံကလည်း ကျွန်တော်တို့နိုင်ငံရဲ့ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေအဖြစ် အမြဲတမ်းမျှော်လင့်ထားပါတယ်။ အခု ကျွန်တော်တို့လာတဲ့ ခရီးစဉ်က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို ခိုင်ခိုင်မာမာနဲ့ ယုံယုံကြည်ကြည်လုပ်နိုင်ဖို့အတွက် အခွင့်အလမ်းတွေ ရခဲ့တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့လည်း မြန်မာနိုင်ငံနဲ့ ရဲရဲတင်းတင်း ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့လည်း ကျွန်တော်မျှော်လင့်ပါတယ်။ အောင်မြင်မှု ခရီးစဉ်တစ်ခုဖြစ်အောင် ခင်ဗျားတို့ တက်ရောက်လာကြသူများကလည်း အိမ်ဖြည့်ပေးတာဖြစ်ပါတယ်။ ကောင်းပါပြီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ထို့နောက် မီဒီယာများ၏ မေးမြန်းမှုများကို အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ပါသည်-

**မေး။** လေးစားအပ်ပါသော ယာယီသမ္မတကြီးရှင့်။

ကျွန်မကတော့ People Daily Online Media သတင်းထောက်ဖြစ်ပါတယ်။ ကျွန်မမေးချင်တာကတော့ တရုတ်-မြန်မာ ဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးဟာ ဒီနှစ်မှာ (၇၅)နှစ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ယာယီသမ္မတကြီးအနေနဲ့ နှစ်နိုင်ငံအနာဂတ်မှာ မည်သည့်အခန်းကဏ္ဍများ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှုများမှာ ဆက်လက်ပူးပေါင်းပေးသွားမယ်၊ တရုတ်-မြန်မာရဲ့ အေးအတူပူအမျှအသိုက်အဝန်းမှာ ဘယ်လိုဆက်လက်တွန်းအားပေးသွားမယ်ဆိုတာ သိရှိလိုပါတယ်ရှင့်။

**ဖြေ။** ကျွန်တော် အစက ပြောခဲ့ပြီးသား။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ ဆွေမျိုးပေါက်ဖော်နိုင်ငံတွေဖြစ်တယ်။ အိမ်နီးနားချင်းမှာလည်း မိုင်ပေါင်း ၁၃၀၀ လောက်ရှည်တဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့ နိုင်ငံတွေဖြစ်တယ်။ နှစ်နိုင်ငံသမိုင်းကြောင်းကလည်း နှစ်ပေါင်းများစွာကတည်းက ကူးလူးဆက်ဆံမှုတွေရှိခဲ့တယ်။ နှစ်နိုင်ငံဆက်ဆံရေးကလည်း ယုံကြည်စိတ်ချမှုအပြည့်နဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကဏ္ဍစုံကနေပြီးတော့မှ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်သွားမယ်။ နောက်တစ်ခါ တရုတ်နိုင်ငံကနေပြီးတော့ အားသာချက်ရှိနေတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Green Policy)ပေါ့နော်။ ဒီဟာကလည်း အမြဲတမ်းစိမ်းလန်းစိုပြည်တဲ့ မူဝါဒကို ကျွန်တော်တို့ရဲ့မူဝါဒနဲ့ တူညီတာကြောင့် ဒါလည်း တရုတ်နိုင်ငံရဲ့အတွေ့အကြုံကို ရယူပြီးတော့မှ တရုတ်ရဲ့ပူးပေါင်းဆောင်ရွက်မှုနဲ့ မြန်မာနိုင်ငံကလည်း ဒီနေ့အကျိုးကျေးဇူးတွေ ခံစားနိုင်အောင် အားပေးဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

**မေး။** ကျွန်မကတော့ ဆင်ဟွာသတင်းဌာနမှဖြစ်ပါတယ်။ ကျွန်မမေးချင်တာက နှစ်ချက်ရှိပါတယ်။ နံပါတ်တစ်က မြန်မာနိုင်ငံဟာ ရှန်ဟိုင်း SCO မိတ်ဖက်နိုင်ငံဖြစ်ပါတယ်။ အဆွေတော်ဟာဆိုရင် ကျွန်မတို့သမ္မတကြီးရဲ့ဖိတ်ခေါ်မှုနဲ့အတူ တီယန်ကျင်းမြို့မှာဆောင်ရွက်ခဲ့တဲ့ SCO Plus အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးမှာလည်း ကျွန်မတို့ရဲ့သမ္မတကြီးက Global Governance Initiative(GGI)ကို ပြောခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဆွေတော်ဟာ သမ္မတကြီး ရှီကျင့်ဖျင်အဆိုပြုခဲ့တဲ့အစီအမံနဲ့ပတ်သက်ပြီး ဘယ်လိုသဘောထားရှိပါသလဲ။ ပြီးတော့ အဲဒီအစီအမံဟာ လက်ရှိကမ္ဘာကြီးမှာ ဘယ်လိုဟာမျိုးတွေ သက်ရောက်မှုရှိပါသလဲ။ ဒါဟာ နံပါတ်တစ် မေးခွန်းပါ။ နံပါတ်နှစ်မေးခွန်းဟာဆိုရင် ယခုနှစ်ဟာ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက်ဖြစ်ခဲ့ပါပြီ။ သမ္မတကြီး ရှီကျင့်ဖျင်က တီယန်ကျင်းမှာ သမ္မတကြီးနဲ့ တွေ့ဆုံစဉ်မှာတော့ တရုတ်-မြန်မာဆက်ဆံရေးဟာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်ပြီး ပြည်သူများမှပေါက်ဖွားလာတဲ့ သမိုင်းကြောင်းရှည်လျားတဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ နှစ်ဖက်လုံးဟာဆိုရင်တော့ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၇၅)နှစ်အပေါ်မှာ မူတည်ပြီး နက်ရှိုင်းစွာ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုကိုလည်း တွန်းအားပေးလျက်ရှိပြီး နှစ်နိုင်ငံပြည်သူများကိုလည်း သာယာဝပြောပြီး သုခများကိုလည်း သယ်ဆောင်လာတဲ့အတွက် ကျွန်မမေးခွန်းကတော့ လက်ရှိအဆွေတော်အနေနဲ့ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုနဲ့ ပတ်သက်ပြီး ဘယ်လို Comment ပေးလိုပါသလဲ။

**ဖြေ။** Global SCO အပေါင်း အစည်းအဝေးနဲ့ ပတ်သက်ပြီး သမ္မတကြီး ရှီကျင့်ဖျင်က Global Governance Initiative (၅)ချက်တင်ပြတာရှိတယ်။ ကျွန်တော် အဖွင့်မှာလည်း စပြီးပြောခဲ့ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ အင်အားကြီးနိုင်ငံတွေပေါ့။ သူတို့ကနေပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ စစ်ရေးအမျိုးစုံနဲ့ အနိုင်ကျင့်နေတာတွေ့ရပါတယ်။ ခင်ဗျားတို့ တရုတ်နိုင်ငံကိုပဲ အမေရိကန်က အခွန်နဲ့ လွှမ်းပြီးတော့ ဒုက္ခပေးနေတာ၊ ဖိအားပေးနေတာလည်းရှိတယ်။ ကျွန်တော်တို့လည်း ဒီလိုဖိအားပေးခံနေရတာရှိတယ်။ ဒါကဘဏ္ဍာရေးတင် မဟုတ်ဘူး။ နိုင်ငံရေးအရလည်း ဖိအားပေးတာတွေခံရတယ်။ စီးပွားရေးအရလည်း ဖိအားပေးတာတွေ ခံရတယ်။ ဒီလိုတွေ ကြုံတွေ့နေရတာဖြစ်ပါတယ်။ ဒီအချိန်မှာ ဒီ(၅)ချက်က ကမ္ဘာ့ရဲ့ဖြစ်ပေါ်နေတဲ့ အားနည်းချက်တွေကို ဖော်ထုတ်ပြီးတော့မှ ဒါကို ကျွန်တော်တို့ ပြုပြင်ဖို့လိုတဲ့အကြောင်းကို ဖော်ပြသွားတာဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖို့၊ နိုင်ငံတွေပူးပေါင်းဆောင်ရွက်ဖို့သင့်တယ်လို့ ကျွန်တော်ကတော့ ပြောချင်ပါတယ်။ အဲဒီတော့ သမ္မတကြီးရှီကျင့်ဖျင်လည်း မည်သည့်ဖိအားမဆို၊ ခြိမ်းခြောက်မှုမဆို တရုတ်နိုင်ငံအနေနဲ့ ရင်ဆိုင်ဖို့ အဆင်သင့်ရှိကြောင်း ပြောခဲ့တာ ဒီအဓိပ္ပာယ်ကို ကျွန်တော်တို့နားလည်ထားပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံအနေနဲ့ ဒါတွေအားလုံးကို ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဆက်ဆံရေး (၇၅ )နှစ်ပြည့်ပြီးတဲ့ ကာလအပေါ်မှာ သဘောထားပြောတာရှိပါတယ်။ တကယ်လို့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံဆက်ဆံရေး သံတမန်အရ (၇၅)နှစ်ပေမယ့် ကျွန်တော်တို့နှစ်နိုင်ငံဆက်ဆံရေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့တဲ့ ဆက်ဆံရေးဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေလည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ မြန်မာနိုင်ငံအပေါ် သက်ရောက်မှုအကျိုးဖြစ်မှုရှိသလိုပဲ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုဟာလည်း တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူရမှာဖြစ်ပါတယ်။ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးရှိတယ်ဆိုတာ မြန်မာနဲ့ တရုတ်နှစ်နိုင်ငံပဲရှိပါတယ်။ မဟာဗျူဟာ မိတ်ဖက်နိုင်ငံ အေးအတူပူအမျှ အသိုက်အဝန်းအတူ ခံစားရမယ်ဆိုတဲ့ နိုင်ငံများအဖြစ် နှစ်နိုင်ငံသဘောတူညီချက်နဲ့လုပ်နေတာရှိပါတယ်။ ဒါကြောင့် ဒီကဏ္ဍတွေကို အခုလက်ရှိ ကျွန်တော်တာဝန်ယူထားတဲ့ အချိန်မှာလည်း ကျွန်တော်တို့နိုင်ငံကနေ ဒါကို အလေးထားကုစားသွားမှာဖြစ်သလို တရုတ်နိုင်ငံကလည်း အခုလက်ရှိ ပူးပေါင်းဆောင်ရွက်ပေးနေတယ်ဆိုတာလည်း ကျွန်တော်တို့အားလုံးမျက်မြင်ဖြစ်ပါတယ်။ တရုတ်-မြန်မာဆက်ဆံရေးဟာ အခုအခြေအနေမှာ အကောင်းဆုံးအခြေအနေ၊ အမြင့်ဆုံးအခြေအနေကို ရောက်နေတယ်လို့ ဆိုရပေမယ့်လည်း ဒီထက်ပိုပြီးကောင်းတဲ့၊ ဒီထက်ပိုပြီးမြင့်မားတဲ့၊ ဒီထက်ပိုပြီး ပူးပေါင်းဆောင်ရွက်မှုအားကောင်းတဲ့ အခြေအနေမျိုးကို ဆက်ပြီးအကောင်အထည်ဖော်သွားမှာလည်း ဖြစ်ပါတယ်။ ကောင်းတယ်ဆိုတာကတော့ အမြဲတမ်းမဟုတ်ပါဘူး။ ကောင်းတယ်၊ ဒီထက်ပိုကောင်းတယ်၊ ဒီထက်ပိုပြီးကောင်းတယ်ဆိုတာ တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုက နမူနာပြနေတယ်။ ဒီလိုပဲ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရာမှာလည်း ကောင်းသည်ထက်ကောင်းအောင်၊ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်သွားဖို့ နှစ်ဖက်လုံးက ကြိုးစားရမှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်လာတဲ့ ခရီးစဉ်က မနေ့က အခြေအနေထက်ပိုကောင်းအောင် ကျွန်တော်ဆောင်ရွက်နိုင်ခဲ့တယ်လို့ ပြောချင်ပါတယ်။ ကောင်းပါပြီ။

**မေး။** လေးစားအပ်ပါသော ယာယီသမ္မတကြီးရှင့်။

ကျွန်မကတော့ စီချွမ် Daily မီဒီယာမှဖြစ်ပါတယ်။ ကျွန်မမေးခွန်းလေးနှစ်ခု မေးပါရစေ။ နံပါတ်တစ်မေးခွန်းကတော့ လက်ရှိစီချွမ်ကို လာရောက်တဲ့ခရီးစဉ်မှာ ဘယ်လိုခံစားရပါသလဲ။ ဘယ်လိုကျေးဇူးရပါသလဲ။ နံပါတ်နှစ်က စီချွမ်နဲ့ မြန်မာအကြား ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်တွေမှာ ဘယ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ မျှော်လင့်ချက်ရှိပါသလဲ။

**ဖြေ။** စီချွမ်ပြည်နယ်ကိုလာရတာ အဓိကကတော့ ကျွန်တော်ကတော့ ချန်ဒူးပေါ့လေ။ ချန်ဒူးကို ဒီအခေါက်အပါအဝင် ငါးကြိမ် ကျွန်တော်ရောက်ပါတယ်။ ၂၀၀၇ ခုနှစ်က ရောက်ခဲ့တာ၊ လွန်ခဲ့တဲ့ ၁၈ နှစ်က ကျွန်တော်ရောက်ခဲ့တာ။ ကျွန်တော်ရောက်ခဲ့တဲ့ အကြိမ်တွေအတွင်းမှာတော့ ချန်ဒူးက၊ ချန်ဒူးဆိုတာကလည်း စီချွမ်ကို ကိုယ်စားပြုထားတာပေါ့။ အများကြီးဖွံ့ဖြိုးတိုးတက်နေတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်တို့ အားလည်းကျပါတယ်။ ဒါလေးလည်း ပူးပေါင်းဆောင်ရွက်ဖို့ အဆွေတော်တို့ရဲ့ ပါတီအတွင်းရေးမှူးနဲ့ ဆွေးနွေးခဲ့တာရှိတယ်။ ဒါတွေပူးပေါင်းဆောင်ရွက်ဖို့အတွက် နှစ်ဖက်လုံးသဘောတူကြပါတယ်။ နှစ်နိုင်ငံ နှစ်ဖက်ပေါ့။ စီချွမ်ပြည်နယ်နဲ့ မြန်မာနိုင်ငံပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့်ရှိတယ်။ စီချွမ်ပြည်နယ်ဟာ စက်မှုနည်းပညာမှာလည်း ဖွံ့ဖြိုးတိုးတက်ပါတယ်။ နောက်ပညာရေးကဏ္ဍမှာလည်း မြင့်မားပါတယ်။ စိုက်ပျိုးရေးကဏ္ဍလည်း မြင့်မားပါတယ်။ သို့သော် စီချွမ်ပြည်နယ်မှာမရှိတဲ့ စိုက်ပျိုးရေးထုတ်ကုန်၊ မြေပေါ်မြေအောက်ထုတ်ကုန်ပစ္စည်းတွေ၊ ရေထွက်ပစ္စည်းတွေ မြန်မာနိုင်ငံက အများကြီးရှိပါတယ်။ ဒါကြောင့် ဒီဟာကို နှစ်ဖက်ပူးပေါင်းဆောင်ရွက်မယ်ဆိုလို့ရှိရင် တရုတ်နိုင်ငံ ကိုယ်စားပြုဆောင်ရွက်တာနဲ့ အတူတူပဲလို့ ကျွန်တော်ပြောချင်ပါတယ်။ လေကြောင်းပို့ဆောင်ရေးနဲ့ပတ်သက်ပြီး အမြန်ဆုံး အကောင်အထည်ဖော်ဖို့အတွက် စီစဉ်နေပါတယ်။ ကုန်သွယ်မှုတွေမြင့်မားလာရင် လေကြောင်းသွားလာမှုတွေလည်း များလာမှာဖြစ်တယ်။ ဘာပဲပြောပြော စီချွမ်ပြည်နယ်နဲ့ မြန်မာနိုင်ငံပူးပေါင်းဆောင်ရွက်ရေးဟာ အရင်ကာလနဲ့စာရင် အများကြီး ဒီထက်အဆပေါင်းများစွာ တိုးတက်မယ်လို့ ကျွန်တော်မျှော်မှန်းထားပါတယ်။ ဒါကြောင့်မို့ စီချွမ်ပြည်နယ်က မီဒီယာအဖွဲ့တွေလည်း မြန်မာနိုင်ငံကို လာရောက်ပြီးတော့ လေ့လာဖို့ ဖိတ်ကြားပါတယ်။ လာကြည့်ပါ။ လာကြည့်မှ မြန်မာနိုင်ငံနဲ့ ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ပိုပြီးတော့ ခံစားရမှာဖြစ်ပါတယ်။ ကောင်းပါပြီ။ ကျေးဇူးတင်ပါတယ်။



တရုတ်နိုင်ငံသတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းစဉ်။

## လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပ



**တောင်တွင်းကြီး စက်တင်ဘာ ၆**

နိုင်ငံတော်မှ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာနှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးပေး ဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများ ကြွယ်ဝစေရန်၊ လူငယ်လူရွယ်ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံထူးချွန်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဘဝရည်မှန်းချက်ပန်းတိုင်များ ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ကြစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးတောင်တွင်းကြီး မြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း(မိုးထိ)တွင် စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

(ဓာတ်ပုံ)

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်အကျင့်စာရိတ္တကောင်းမွန်ရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်စသည့်အကြောင်းအရာများကို ဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**နောင်နောင် (မိသားနှီးမြေ)**

၀-၀-၀-၀-၀

**စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏မေးမြန်းမှုများအား လက်ခံဖြေကြား

နေပြည်တော် စက်တင်ဘာ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုအရ တရုတ်နိုင်ငံတွင်ကျင်းပပြုလုပ်ခဲ့သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)နှင့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားများသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့ရှိ Chengdu Shuangliu အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့မှုနှင့်ပတ်သက်၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ယခုလိုပဲ ဖြေကြားခဲ့ပါတယ် –

**မေး။** ပထမဦးဆုံးအနေနဲ့ နိုင်ငံတော်လုံခြုံရေးနဲ့ အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က တရုတ်နိုင်ငံမှာကျင်းပတဲ့ SCO ထိပ်သီးအစည်းအဝေးနဲ့ တရုတ်နိုင်ငံမှာ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အခမ်းအနားကို တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ ဒီအခမ်းအနားမှာ တခြားနိုင်ငံတွေရဲ့ ခေါင်းဆောင်တွေ အပါအဝင် တရုတ်သမ္မတ၊ အိန္ဒိယဝန်ကြီးချုပ်၊ လာအိုနိုင်ငံခေါင်းဆောင်တွေနဲ့တွေ့တာကို တွေ့ရပါတယ်။ ဒီတွေ့ဆုံမှုတွေကနေ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသားတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်ပါသလဲခင်ဗျ။

**ဖြေ။** တရုတ်နိုင်ငံခရီးစဉ်မှာ တရုတ်နိုင်ငံတုန်းကလည်း ပြောပြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံ ခရီးစဉ်မှာ အပိုင်း သုံးပိုင်းရှိပါတယ်။ နံပါတ်တစ်အပိုင်းကတော့ တီယန်ကျင်းမြို့မှာ (SCO )ပေါ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး သွားရောက်တက်ရောက်တယ်။ ဒုတိယအပိုင်းကတော့ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အခမ်းအနား ပေကျင်းမှာ တက်ရောက်တယ်။ တတိယတစ်ပိုင်းကတော့ တရုတ်ရဲ့ ပြည်နယ်တွေ သွားရောက်လည်ပတ်တယ်။ ဟေလုံကျန်းပြည်နယ် ဟာပင်းမြို့၊ စီချွမ်ပြည်နယ် ချန်ဒူးမြို့ကို သွားရောက်လည်ပတ်ပြီး လေ့လာရေးခရီးသွားခဲ့တယ်။ ဒီနေရာမှာ အပိုင်းသုံးပိုင်းက မြန်မာနိုင်ငံအတွက် ပြောချင်တာကတော့ SCO အစည်းအဝေးမှာ ဒီအဖွဲ့အစည်းက တော်တော်ကြီးမားတဲ့အဖွဲ့အစည်းကြီးဖြစ်တယ်။ နောက်ပိုင်းမှာ ဝင်ချင်တဲ့အဖွဲ့ဝင်နိုင်ငံတွေလည်းများလာတယ်။ ဒါကြောင့်မလို့ ကျွန်တော်တို့ပထမဦးဆုံး ပြောချင်တာက ဒီအဖွဲ့ရဲ့ အစည်းအဝေးမှာရော၊ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အခမ်းအနားမှာရော ဖိတ်ခေါ်ခဲ့တဲ့အတွက်



တရုတ်နိုင်ငံနဲ့ တရုတ်အစိုးရ တရုတ်နိုင်ငံသမ္မတကြီးကို အထူးကျေးဇူးတင်ကြောင်း ပထမဆုံးပြောကြားလိုပါတယ်။ ကျွန်တော်တို့ ခင်ဗျားတို့လည်း အသိပဲ။ ကျွန်တော်တို့ခင်ဗျားတို့အသိပဲဆိုတာ မြန်မာနိုင်ငံအနေနဲ့က နိုင်ငံတကာမှာ သူတို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေ၊ မြန်မာနိုင်ငံထဲမှာရှိတဲ့ စည်းလုံးညီညွတ်မှုမရှိတဲ့သူတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေအရ၊ နိုင်ငံရေးအရ မြန်မာနိုင်ငံဟာ နိုင်ငံတကာရေးရာမှာ နည်းနည်းနောက်ကျနေတဲ့ အခြေအနေမျိုးရှိတယ်။ ဒါယခင်ကတည်းကတိုင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေနဲ့ ယခင်ရုရှားခရီးစဉ်တွေ၊ တရုတ်သမ္မတကြီးနဲ့ ခရီးစဉ်မှာ မြှင့်တင်ပေးပါတယ်။ အခုဟာက ပိုပြီးတော့ကောင်းတဲ့ မြှင့်တင်မှု၊ ပိုပြီးတော့ပြည့်စုံတဲ့ မြှင့်တင်မှုလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတကာမှာ ပြန်လည်ပြီး သိက္ခာရှိရှိရပ်တည်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တယ်။ ဒါ့အပြင် SCO အစည်းအဝေးတွေမှာ နိုင်ငံတကာခေါင်းဆောင်တွေနဲ့ တော်တော်များများတွေ့ခဲ့တယ်။ နိုင်ငံတကာ ခေါင်းဆောင်တွေဆိုတာကလည်း နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ရတဲ့သူတွေက သူ့ရဲ့ပြည်တွင်းအလုပ်နဲ့တင် သူကအလုပ်ရှုပ်နေတာဖြစ်တယ်။ သူတို့အနေနဲ့ ဘာတွေပဲ အများဆုံးကြည့်နိုင်သလဲဆိုရင် သူတို့အပေါ်မှာ ပို့လိုက်တဲ့၊ သူတို့အဖွဲ့တွေကပို့လိုက်တဲ့ Report ပေါ့။ ဒီ Report တွေ၊ အစီရင်ခံစာတွေကလည်း ဘယ်အပေါ်မှာ အစီရင်ခံသလဲဆိုတော့ မီဒီယာတွေပေါ်မှာ အစီရင်ခံတာ မီဒီယာတွေပေါ်မှာ အစီရင်ခံတော့ မီဒီယာလောကကလည်း ဘာဖြစ်နေသလဲဆိုတော့ ခင်ဗျားတို့ ကျွန်တော်တို့သိတဲ့အတိုင်း မီဒီယာလောကကလည်း အနောက်နိုင်ငံတွေက လိုလားရင်တစ်မျိုး၊ မလိုလားရင်တစ်မျိုးဆိုတာဖြစ်နေတယ်။ ဒီအပေါ်မှာအခြေခံပြီးရေးတဲ့ သူတို့ဖတ်ရတဲ့ဟာတွေ ၊ သူတို့အမြဲတမ်းတွေ့ကြုံနေရတဲ့ဟာတွေသည် ပြည့်စုံမှုရှိမှာမဟုတ်ဘူး။ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး သေချာတာတစ်ခုကတော့ မကောင်းကြောင်းတွေဘဲများဖို့ များတယ်။ ဒီလိုတွေ့ရတဲ့အချိန်မှာ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့တွေ့ရတယ်။ မြန်မာနိုင်ငံခေါင်းဆောင်နဲ့ပတ်သက်ပြီး အနီးကပ်တွေ့ရတယ်။ စိတ်နေစိတ်ထားတွေ့ရတယ်ပေ့ါ။ စကားပုံတစ်ခုရှိတယ် (Seeing is believing) ကိုယ်တွေ့ကြုံရင် ယုံတယ်။ မျက်မြင်တွေ့ရင် ယုံတယ်။ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့တာဖြစ်တယ်။ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့တာ ဖြစ်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံအပေါ်မှာထားရှိတဲ့ စိတ်ထားတွေ၊ မြန်မာနိုင်ငံအပေါ်မှာ ထင်မြင်တဲ့ အထင်အမြင်တွေသည် ပိုပြီးတော့ ကောင်းမွန်လာတယ်။ ဒီလိုကောင်းမွန်အောင် စွမ်းဆောင်နိုင်ခဲ့တယ်လို့ မြင်ပါတယ်။

တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အခမ်းအနားတက်ရတယ်။ တော်တော်ကြီးကျယ်တဲ့ အခမ်းအနားဖြစ်ပါတယ်။ ဒါသည် တရုတ်ပြည်သူလူထုရဲ့ စည်းစနစ်ကျမှုတွေ၊ တရုတ်တပ်မတော်ရဲ့ စည်းစနစ်ကျမှုတွေ၊ ကာကွယ်ရေးစွမ်းပကားမြင့်မားမှုတွေ၊ တရုတ်တပ်မတော်က ကမ္ဘာကြီးရဲ့ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးအတွက် ခေတ်မီလက်နက်ကိရိယာတွေ ပိုင်ဆိုင်ထားတယ်ဆိုတာတွေအားလုံးကို ပြသနိုင်ခဲ့တယ်။ ပြသနိုင်ခဲ့တဲ့အပြင် ဒီမှာတွေ့ရတဲ့ ခေါင်းဆောင်တွေနဲ့လည်း အသေးစိတ်ဆွေးနွေးနိုင်ခဲ့တယ်။ ဒါတွေဟာ ဂုဏ်ယူဖွယ်ရာဖြစ်ပါတယ်။ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ IT ကဏ္ဍ၊ ကုန်သွယ်ပို့ဆောင်ရေးကဏ္ဍ ဒီကဏ္ဍတွေအားလုံးကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ သွားရောက်ကြည့်ရှုနိုင်ခဲ့တယ်။ ဒါဒီခရီးစဉ်ရဲ့ အောင်မြင်မှုဖြစ်ပါတယ်။ ယာယီသမ္မတ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒီခရီးစဉ်မှာပြောခဲ့တဲ့စကားနဲ့ပြောရရင် အကောင်းဆုံးလုပ်နိုင်ခဲ့တယ်။ ဒါ့ထက်ပိုကောင်းအောင်လုပ်နိုင်ခဲ့တယ်။ အကောင်းဆုံးဖြစ်ခဲ့တယ်လို့ပဲ ဒီလိုမျိုး ကျွန်တော်အနှစ်ချုပ်ပြောချင်ပါတယ်။ မြန်မာနိုင်ငံသားတွေအတွက် လိုအပ်တာကတော့ အခုခရီးစဉ်မှာ အသိပေးချင်တာက ကျွန်တော်တို့နိုင်ငံ ကျွန်တော်တို့လူမျိုးသည် ကမ္ဘာမှာပြန်လည်ပြီးတော့ သိက္ခာရှိတဲ့အဆင့်အတန်းကို ရပ်တည်နိုင်ပါပြီ။ ပိုပြီးတော့သိက္ခာရှိတဲ့၊ ပိုပြီးတော့ ငြိမ်းချမ်းသာယာမယ့်နေရာကို ကျွန်တော်တို့လျှောက်လှမ်းဖို့ လိုတယ်။ တည်ငြိမ်အေးချမ်းဖို့ အားလုံးက ဝိုင်းဝန်းပံ့ပိုးဖို့လိုတယ်။ မကြာမီမှာ ကျင်းပတော့မယ့် ရွေးကောက်ပွဲမှာ ကျွန်တော်တို့အားလုံးအနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်လည်ပြီး အသက်သွင်း၊ ပြန်လည်ပြီးအပြည့်အဝအကောင်အထည်ဖော်ဖို့ အားလုံးက ဝိုင်းဝန်းကြိုးစားဖို့လိုတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မေး။** ဒေါ်အောင်ဆန်းစုကြည်ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘယ်လိုအခြေအနေရှိပါသလဲဗျ။

**ဖြေ။** ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်ပြီး ကျန်းမာရေးကောင်းပါတယ်။ ကျွန်တော်တို့ တရုတ်နိုင်ငံရောက်တဲ့အချိန်မှာ အချိန်ကိုက်ပဲ SCO အစည်းအဝေးပြီးသွားတဲ့အချိန်၊ တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အခမ်းအနားပြီးသွားတဲ့အချိန်မှာ မီဒီယာတွေ တော်တော်များများ မြန်မာခေါင်းဆောင်တက်ရောက်တဲ့ဟာတွေ၊ မြန်မာခေါင်းဆောင်ရဲ့ လုပ်ဆောင်ချက်တွေပေါ်လာတယ်။ ပေါ်လာတဲ့အချိန်မှာ တစ်ဖက်ကဒီသတင်းကိုလွှမ်းမိုးဖို့အတွက် လုပ်ကြံတဲ့သတင်းတစ်ခုကို ထုတ်လိုက်တာဖြစ်ပါတယ်။ သို့သော်သူတို့ပြောတဲ့ဟာတွေ မအောင်မြင်ပါဘူး။ ဒီသတင်းကိုလွှမ်းမိုးဖို့ လုပ်ကြံတယ်ဆိုပေမယ့် ကျွန်တော်တို့လည်း အချိန်မီဖြေရှင်းခဲ့ပါတယ်။ အခုမီဒီယာတွေရှေ့မှာ အတိအလင်းပြောပါမယ်။ ဒီသတင်းသည် သတင်းတု သတင်းမှားဖြစ်ပါတယ်။ လုပ်ကြံတဲ့သတင်းတစ်ခုဖြစ်ပါတယ်။ ဒီခရီးစဉ်ကို မှေးမှိန်လိုတဲ့အတွက် ကျွန်တော်တို့မြန်မာနိုင်ငံကို မလိုလားတဲ့၊ ကျွန်တော်တို့ တိုးတက်မှာကို မလိုလားတဲ့လူတွေက ထုတ်လွှင့်တဲ့ထုတ်လွှင့်ချက်ဖြစ်ပါတယ်။

သတင်းစဉ်

## မော်တော်ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းပညာသင်တန်းဖွင့်လှစ်

**ကသာ စက်တင်ဘာ ၆**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကသာခရိုင်၊ အသေးစားစက်မှု လုပ်ငန်းဦးစီးဌာနသည် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊အငယ်စား၊အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးဟူသည့် ဦးတည်ချက်ကို များစွာ အထောက်အကူဖြစ်စေသည့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ (ပထမအကြိမ်)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ခရိုင်အသေးစားစက်မှုလက်မှု ဦးစီးဌာနယာယီသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းဆွေက စီမံကိန်းပြုလုပ်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးအတွက် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းပညာ (ပထမအကြိမ်) သင်တန်းကို စက်တင်ဘာ ၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ်(မွမ်းမံ) သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၂၅ ရက်အထိလည်းကောင်း သင်တန်းသား ၁၁ ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ အတွေ့အကြုံစကားဝိုင်း ဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်




**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်အဖွဲ့မှ ရတနာပုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အတွေ့အကြုံစကားဝိုင်း ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ် အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာများ၊ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့ကြသည့် တိုင်းဒေသကြီး လူငယ်ကိုယ်စားလှယ်များ၊ ရတနာပုံတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တွင် ကျင်းပခဲ့သော မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို တက်ရောက်ခဲ့ကြသည့် တိုင်းဒေသကြီး ကိုယ်စားလှယ်အဖွဲ့မှ လူငယ်များက ဖိုရမ်၏ ရည်ရွယ်ချက်များနှင့် ဆွေးနွေးပွဲအတွေ့အကြုံများကို ယခုလိုပြန်လည်မျှဝေခြင်းဖြင့် လူငယ်ကွန်ရက်တစ်ခုကို ဖန်တီးပေးနိုင်ရာတွင် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ လူငယ်လူရွယ်များအားလုံးပါဝင်သော လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူငယ်ရေးရာ မူဝါဒများချမှတ်၍ အစီအမံများဖြင့် ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနေပါကြောင်း၊ ဗလငါးတန်ပြည့်ဝသည့် လူငယ်များဖြစ်လာစေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ စိတ်ဓာတ်အတွေးအခေါ် မှန်ကန်မြင့်မားစေရေးစသည့် အခြေခံကောင်းများ ဖွံ့ဖြိုးတိုးတက်နေစေရန် ကဏ္ဍပေါင်းစုံမှ ပြုစုပျိုးထောင်ပေးနေပါကြောင်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်ပေးနိုင်သည့် စွမ်းရည်ထက်မြက်သူများဖြစ်အောင် ဘက်ပေါင်းစုံမှ အစဉ်တစိုက် ကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ရတနာပုံတက္ကသိုလ် စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များကို ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

၎င်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီးက နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြောကြားပြီးနောက် ရတနာပုံတက္ကသိုလ်အတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က စကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးမည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅သို့ တက်ရောက်ခဲ့သည့် တိုင်းဒေသကြီးလူငယ်ကိုယ်စားလှယ်များကို အမှတ်တရလက်ဆောင်ပေးအပ်ပြီးနောက် စကားဝိုင်းဆွေးနွေးပွဲကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အခမ်းအနားဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ၊ အနုပညာအထက်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိပြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**






## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး Talk Show ဆောင်ရွက်

**ညောင်ဦး စက်တာဘာ ၆**

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင်ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်ရည်မွန်သူနှင့် ညောင်ဦးခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်ခင်တင့်တင့်အောင်တို့က အသိပညာပေး Talk Show ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show အစီအစဉ်တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ အထိမ်းအမှတ်ဆောင်ပုဒ်နှင့် ရည်ရွယ်ချက်၊ အိုဇုန်းလွှာထိန်းသိမ်းရခြင်းအကြောင်းအရင်း၊ အိုဇုန်းလွှာပျက်စီးစေသော အကြောင်းအရင်း၊ အိုဇုန်းလွှာကာကွယ်ရေးနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာကြိုးပမ်းဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများစသည်တို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၁)

**ပန်းမန်သစ်ပင်၊ လေသန့်ခင်၍ ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏ ။**

## ကျောက်ဆည်မြို့နယ်၌ မိုးစပါး ၅၂၈၁၇ ဧက လျာထားပြီး စိုက်ပျိုးလျက်ရှိရာ ၅၂၃၃၄ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ကျေးရွာပေါင်း(၇၆)ရွာ၊ တိုက်နယ်(၁၂)ခု၊ ကွင်းပေါင်း (၂၂၃)ခုတွင် မိုးစပါး ၅၂၈၁၇ ဧက လျာထားစိုက်ပျိုးရာ ၅၂၃၃၄ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးစပါးများ စိုက်ပျိုးရာ၌ အစေ့တိုက်ရိုက်ချစိုက်ခြင်း၊ ပျိုးထောင်ပြီး ပြောင်းရွှေ့စိုက်ခြင်း စနစ်များဖြင့် ဇော်ဂျီ၊ ကင်းတား၊ သစ်တက္ကနန်းဆည်ရေများ၊ မြေအောက်ရေ(စက်ရေတွင်း)ရေများ၊ မိုးကောင်းသောက်(မိုးရေ)များဖြင့် ရေ၊ မြေ၊ ဒေသအလိုက် စိုက်ပျိုးလျက်ရှိကြောင်းနှင့် ဇော်ဂျီဆည်ရေဖြင့် ၃၆၀၃၈ ဧက၊ ကင်းတားဆည်ရေဖြင့် ၁၅၅၀၃ ဧက၊ သစ်တက္ကနန်းဆည်ရေဖြင့် ၄၃၆ ဧက၊ စက်ရေတွင်းဖြင့် ဧက ၁၁၀၊ မိုးရေဖြင့် ၂၄၇ ဧက စုစုပေါင်း ၅၂၃၃၄ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ဧရာမင်း၊ မနောသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ GW-11 စပါးမျိုးများ အဓိကထားစိုက်ပျိုးကြပြီး စပါးသီးနှံများ အောင်မြင်ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့အနေဖြင့် တောင်သူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၁၉)ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် စင်တင် တင်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်


2025-09-06 14:05



**မန္တလေး စက်တင်ဘာ ၆**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (၁၉) ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် စင်တင် တင်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ အဆိုပါတက္ကသိုလ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဦးအောင်ဆန်းဦး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ မန္တလေးမြို့ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။


2025-09-06 17:32

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာကြသူများသည် ပန်းချီပညာဌာနမှ ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ် ကျောင်းသား၊ ကျောင်းသူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာတန်းမှ ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ Acrylic တို့ဖြင့် ရေးဆွဲထားသည့် လက်ရာမွန်ပန်းချီကားများ၊ ပန်းပုပညာဌာနတွင် ပညာဆည်းပူးခဲ့သည့် စတုတ္ထနှစ် ကျောင်းသားက ဖိုက်ဘာဖြင့် ပုံဖော်ထုဆစ်ထားသည့် ပန်းပု လက်ရာမွန်တို့ကို ကြည့်ရှုအားပေးကြသည်။

၎င်းနောက် အခမ်းအနားကို ရတနာခန်းမတွင် ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားရာတွင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ထူးချွန်သော မျိုးဆက်သစ် အနုပညာရှင်များ ပေါ်ထွက်လာစေရန်၊ အတတ်ပညာနှင့် အသိပညာ နှစ်ရပ်ပေါင်းစပ်ကာ အသက်မွေးဝမ်းကျောင်းအနုပညာရပ်များကို လေ့ကျင့်ပျိုးထောင်ပေးနေသည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တတ်မြောက်ထားသည့် အနုပညာစွမ်းရည်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး တတ်ကျွမ်းသော အနုသုခုမပညာရပ်များဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အနုပညာဖြင့် အကျိုးပြုနိုင်သည့် ထူးချွန်ထက်မြက်သော ပညာတတ်အနုပညာရှင်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ၏ စင်တင်တင်ဆက်မှုများကို ကြည့်ရှုအားပေးပြီးနောက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ

## လက်ဆွဲမျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုး သရုပ်ပြ

**မောက်မယ် စက်တင်ဘာ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ခြောက်တန်းသွား လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြအခမ်းအနားကို စက်တင်ဘာ ၅ရက် နံနက် ၈ နာရီခွဲက မြို့မအုပ်စုကွင်းအမှတ်(၂၁) ဦးပိုင်အမှတ် (၃)ရှိ တောင်သူဦးလုံးစောန၏ လယ်မြေလေးဧကအတွင်း၌ ကျင်းပခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်သည်။



သရုပ်ပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစွမ်းရည်ထူးက ခြောက်တန်းသွား လက်ဆွဲမျိုးစေ့ချကိရိယာ ကိုင်တွယ်အသုံးပြုနည်းများ၊ မိုးစပါးစိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့်အချက်များကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြီး စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ကြသည်။

အဆိုပါ လက်ဆွဲမျိုးစေ့ချကိရိယာနှင့် မိုးစပါးစိုက်ပျိုးခြင်းဖြင့် အလုပ်သမား လိုအပ်ချက်လျှော့ချနိုင်ခြင်း၊မျိုးစေ့ကုန်ကျမှုသက်သာခြင်းကြောင့် စိုက်ပျိုးစရိတ်လျှော့ချနိုင်ခြင်း၊ လုပ်ငန်းပြီးစီးမှုမြန်ဆန်ကာ အချိန်ကုန်သက်သာခြင်း၊ အပင်ပေါက်ကောင်းမွန်ခြင်းနှင့် ပင်ကြားတန်းကြားညီညာစွာ စိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပေါင်းလိုက်ရာတွင် လွယ်ကူစွာလုပ်ဆောင်နိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးခြင်းကြောင့် တောင်သူများ အားထားရမည့် စက်ကိရိယာတစ်ခု ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မန္တလေးတက္ကသိုလ် ရာပြည့်သဘင်အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတက္ကသိုလ် ရာပြည့်သဘင် အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲခေါင်းစဉ်မှာ 'ရင်ထဲက မန်းတက္ကသိုလ်' ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ ပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၀"×၁၅"/ ၁၀"×၁၄") ရောင်စုံ(သို့မဟုတ်) အဖြူအမည်း သုံးပုံထိ တင်သွင်းနိုင်သည်။

မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ အလင်း၊ အမှောင် အရောင်ချိန်ခြင်းမှအပ အလွန်အမင်းပြုပြင်ခြင်း၊ မူရင်းပုံပါအကြောင်းအရာများကို ပယ်ဖျောက်ခြင်း၊ မပါဝင်သော အရာများ၊ အရောင်များ ပေါင်းထည့်ခြင်းမပြုရပါ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ဆုသာ ခံစားခွင့်ရှိသည်။ ပြည်တွင်း၊ ပြည်ပတွင် ဆုရပြီးသော ဓာတ်ပုံများ မဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် နာမည်တစ်မျိုးဖြင့်သာ ယှဉ်ပြိုင်ခွင့်ပြုထားသည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၂၃ ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ ပေးပို့ရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများ ပြိုင်ပွဲဝင်ခွင့်ပုံစံတွင် ဖြည့်သွင်း၍ KMC ကိုယ်ပိုင်အထက်တန်းကျောင်း၊ ၄၃လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ မန္တလေးမြို့ ရုံးချိန်အတွင်း ပေးပို့ရမည်။ဆက်သွယ်ရန် ဖုန်းနံပါတ်မှာ ၀၉-၇၉၁၂၅ ၄၇၆၆၊ ၀၉-၇၉၁၂၅၄၈၃၈ ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရွေးချယ်မည်ဖြစ်သည်။ ဆုရရှိသည့် ဓာတ်ပုံမူရင်းဖိုင်ကို ငါးရက်အတွင်း ပေးပို့ရမည်။

ဆုကြေးငွေမှာ ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆု ငါးဆုအတွက် တစ်ဆုလျှင် ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၁)

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

✪ စာမျက်နှာ ၂၄ မှ

နိုင်ငံရေး၊ စစ်ရေး မက်လုံးများ ပေးလျက် အစွန်းရောက်သွေးကြွစေပြီး အဆိုပါ လူငယ်များအား အကြမ်းဖက်သင်ခန်းစာ သင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းတို့ပြုလုပ်၍ တပ်မတော်အား နိုင်ငံရေးမှ အပြီးတိုင် ထွက်ခွာစေရန်နှင့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန် စသည့် မက်လုံးပေးခြင်း၊ စည်းရုံးခြင်းဖြင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့၏ အင်အားတိုးပွား တောင့်တင်းခိုင်မာစေရေး အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ယင်းနောက် KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ၂၀၂၃ ခုနှစ် မတ်လမှစ၍ ကရင်ပြည်နယ် သံလွင်မြစ်အနီးရှိ တပ်မတော်မှ စစ်ဆင်ရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်ယူထားသည့် တပ်စခန်းကြီးများအား ၎င်းတို့ လေ့ကျင့်သင်ကြားပေးထားသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ရှေ့ကာ အသေခံတပ်အဖြစ် အသုံးချကာ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခြင်းများ စတင်လုပ်ဆောင်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လ ၇ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိ ၂၈ ရက်ကြာ သဃ်န်းညီနောင်နှင့် မြဝတီဒေသရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များနှင့် ရှေ့တန်းစခန်းဌာနချုပ်များအား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ မြဝတီဒေသရှိ တပ်မတော်သားများ၊ နယ်ခြားစောင့်တပ်များက ရှပ်ရှပ်ချုံချုံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့၍ မြဝတီမြို့အနေဖြင့် ထိခိုက်ဆုံးရှုံးမှု မရှိသော်လည်း သဃ်န်းညီနောင် တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများ များလာခြင်း၊ မိသားစုဝင်များ ထိခိုက်သေဆုံးမှုရှိလာခြင်းနှင့် အချိုးမညီ အကြမ်းဖက် သောင်းကျန်းသူများ၏ အင်အားစုများကြောင့် သဃ်န်းညီနောင် တပ်နယ်အား ခေတ္တလက်လွှတ်ခဲ့ရသည်။

အလားတူ KNU၊ KNLA အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည်ကော့ကရိတ်မြို့အား သိမ်းပိုက်နိုင်ရေး ကော့ကရိတ်မြို့နှင့် နယ်မြေခံ တပ်ဌာနချုပ်များအား အပြီးအပိုင် သိမ်းပိုက်ရန်အတွက် ၂၀၂၄ ခုနှစ် ဧပြီလဆန်းပိုင်းမှစ၍ အချိုးမညီ အင်အားစုများဖြင့် စစ်ကြောင်းနှစ်ကြောင်းခွဲ၍ ကော့ကရိတ်မြို့အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အပြင် အဝေးမှနေ၍ လက်နက်ကြီးများဖြင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ကော့ကရိတ်မြို့နှင့် နယ်မြေခံ တပ်ရင်းဌာနချုပ်များ ရန်သူ့လက်တွင်းသို့ ကျရောက်မှုမရှိစေရေးအတွက် ရှပ်ရှပ်ချုံချုံ မြို့တွင်းခုခံစစ်မှ တန်ပြန်တိုက်စစ်ဖြင့် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ကော့ကရိတ်မြို့အား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးမှုများစွာဖြင့် ပထမအကြိမ် ဖရိဖရဲ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ရသည်။


တပ်မတော် စစ်ကြောင်းများအနေဖြင့် အောင်မြေချဲ့ထွင်ရန်နှင့် အကြမ်းဖက် သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သဃ်န်းညီနောင်အား ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဧပြီလ ၇ ရက်မှစ၍ အောင်ဇေယျ စစ်ကြောင်းဖြင့် စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင်လည်း ရာသီဥတုနှင့် မြေအနေအထား ကန့်သတ်ချက်များကြောင့် ၂၀၂၄ ခုနှစ် မိုးဝင်ဘာလတွင် ကော့ကရိတ်မြို့နှင့် သဃ်န်းညီနောင်ကြားရှိ ဒေသအခေါ် ရင်ကွဲတောင်အနီး တစ်ဝိုက် ထိုးစစ်အား ခေတ္တရပ်တန့်ကာ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများ၏ ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်နေမှုအပေါ် အခွင့်ကောင်းယူ၍ KNU အကြမ်းဖက် သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၎င်းတို့၏ စစ်ရေးရည်မှန်းချက် ပြန်လည်အကောင်အထည်ဖော်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိက အချက်အချာကျသည့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့အား အပြီးအပိုင် သိမ်းပိုက်နိုင်ရေး ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ သာလွန်အင်အားများ အသုံးပြုပြီး လမ်းကြောင်း ငါးကြောင်းဖြင့် ဒုတိယအကြိမ် ထပ်မံဝင်ရောက်လာပြီး ကျုံဒိုးနှင့် ကော့ကရိတ်ကြား အာရှလမ်းမကြီးအား ပိတ်ဆို့ဖြတ်တောက်၍ ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့အား အပြင်းအထန် ထပ်မံ တိုက်ခိုက်လာခဲ့ရာ တပ်မတော် စစ်ကြောင်းများက တပ်မတော်၏အစဉ်အလာကောင်းများနှင့်အညီ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်ဖြင့် အကြမ်းဖက် သောင်းကျန်းသူများကို ခုခံတိုက်ခိုက်ချေမှုန်းခဲ့မှုကြောင့် ၎င်းတို့၏ စစ်ရေးရည်မှန်းချက်များကို တစ်ခုပြီးတစ်ခု ရိုက်ချိုးနိုင်ခဲ့ပြီး ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းတစ်လျှောက်အား ဇူလိုင်လ ၂၄ ရက်နေ့တွင် တပ်မတော်က ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထိုသို့အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးရည်မှန်းချက်များအား တစ်ဆင့်ပြီးတစ်ဆင့် ရိုက်ချိုးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် စစ်ရေးအရှိန်အား တိုးမြှင့်ကာ အဆိုပါအကြမ်းဖက် သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးတစ်လျှောက် ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေး၊ အကြမ်းဖက် သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် သဃ်န်းညီနောင်အား ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် စနစ်တကျ ပြင်ဆင်စုဖွဲ့ကာ ကော့ကရိတ်မှ သဃ်န်းညီနောင်အထိ စစ်ကြောင်းလေးကြောင်းဖြင့် လည်းကောင်း၊ မြဝတီမှ သဃ်န်းညီနောင်သို့ စစ်ကြောင်း တစ်ကြောင်းဖြင့် လည်းကောင်း စစ်ကြောင်းများခွဲကာ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၈ ရက်မှစ၍ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter- Terrorism Operation)ဖြင့် ဟန်ချက်ညီစွာ အကြမ်းဖက်သမားများ အား တစ်ဆင့်ပြီးတစ်ဆင့် လိုက်လံတိုက်ခိုက်ချေမှုန်းခဲ့ရာ ၁၀ ရက်အကြာ ယနေ့မွန်းလွဲ ၁ နာရီတွင် သဃ်န်းညီနောင် တပ်နယ်အားလုံးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အဓိက ကုန်စည်စီးဆင်းရာလမ်းမကြီးပေါ်တွင်ရှိသည့် ကော့ကရိတ်- သဃ်န်းညီနောင်-မြဝတီ အာရှလမ်းမကြီး တစ်လျှောက်အား ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။

စာမျက်နှာ ၁၅ သို့ ■

## KNU အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်







အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နေရာများအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ရင်းများအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် ကော့ကရိတ်-သဃ်န်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

# နိုင်ငံတကာ အားကစား သတင်းများ

## မီထရိုဗစ် Al Rayyan အသင်းတွင် ကျောနံပါတ် (၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် စက်တင်ဘာ ၆**

တိုက်စစ်မှူးသစ် မီထရိုဗစ် Al Rayyan အသင်းတွင် ကျောနံပါတ် (၉)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် အယ်ဟီလာအသင်းနှင့် စာချုပ်ဖျက်သိမ်းပြီးနောက် ကာတာကလပ် Al Rayyan အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။



တိုက်စစ်မှူး မီထရိုဗစ်သည် အယ်ဟီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၉ ပွဲကစားပြီး ၆၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် Al Rayyan အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ မီထရိုဗစ်က "ကျွန်တော် Al Rayyan အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ)(NGB)**



## အီတလီအသင်းက အက်စ်တိုးနီးယားအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၆**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အီတလီအသင်းနှင့် အက်စ်တိုးနီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီတလီအသင်းက အက်စ်တိုးနီးယားအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

အီတလီအသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၅၈မိနစ်တွင် မွိုက်ဆာကိန်း၊ ပွဲချိန် ၆၉ မိနစ်နှင့် ၈၉မိနစ်တွင် ရက်တီဂူ၊ ပွဲချိန် ၇၁မိနစ်တွင် ရက်ပါဒိုရီ၊ ပွဲချိန် (၉၀+၂) ဘာတိုနီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အီတလီအသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့် ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၉ရက်တွင် အစ္စရေးအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **(NGB)**

## စထရန်းလာဆန်အား စာချုပ်သက်တမ်းတိုးရန် ဝုဖ်အသင်းစီစဉ်

**လန်ဒန် စက်တင်ဘာ ၆**

ဝုဖ်အသင်းသည် အသင်းတိုက်စစ်မှူး စထရန်းလာဆန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။ **(အောက်ပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဝုဖ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သုံးပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်း ဖြစ်သည်။



ဝုဖ်အသင်းထုတ်ပြန်ချက်တွင် "စထရန်းလာဆန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(NGB)**

## အွန်နရီ၏ ဂိုးသွင်းစံချိန်အား ဘာပေ လိုက်မီ

**လန်ဒန် စက်တင်ဘာ ၆**

ပြင်သစ်လက်ရွေးစင်အသင်း တိုက်စစ်မှူး ဘာပေသည် အသင်းဂန္ထဝင်ကစားသမားဟောင်း အွန်နရီ၏ သွင်းဂိုး ၅၁ ဂိုး စံချိန်အား လိုက်မီနိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြင်သစ်လက်ရွေးစင်အသင်းက ယူကရိန်းအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် အွန်နရီ၏ စံချိန်အား လိုက်မီခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ပြင်သစ်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၇ မှ ၂၀၂၅ ခုနှစ်အတွင်း ပြိုင်ပွဲ ၉၁ ပွဲ ကစားကာ ၅၁ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေက "ကျွန်တော် အခုလို အွန်နရီ၏ စံချိန်အားလိုက်မီခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေ ဆက်လက်သွင်းယူပြီး စံချိန်ကျော်ဖြတ်နိုင်အောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**



## အိုနာနာအား ခေါ်ယူရန် ထရက်ဇွန်စပေါ်အသင်း စီစဉ်

**လန်ဒန် စက်တင်ဘာ ၆**

တူရကီကလပ် ထရက်ဇွန်စပေါ်အသင်းသည် မန်ယူအသင်း ဂိုးသမား အိုနာနာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမားသည် လက်ရှိအချိန်တွင် မန်ယူအသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။



ဂိုးသမား အိုနာနာသည် မန်ယူအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၂ ပွဲ ကစားထားသည်။

ထို့ကြောင့် ထရက်ဇွန်စပေါ်အသင်းအနေဖြင့် မန်ယူအသင်းနှင့် အဆင်မပြေဖြစ်နေသည့် ဂိုးသမား အိုနာနာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

## နာသန်အကီအား ခေါ်ယူရန် ပရီးမီးယားလိဂ်အသင်းများစိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၆**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အဲဗာတန်၊ နော်တင်ဟမ်ဖောရက်စ်၊ စပါးအသင်းတို့သည် မန်စီးတီးအသင်းနောက်ခံကစားသမား နာသန်အကီအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။



အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၆ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မန်စီးတီးအသင်းကလည်း နာသန်အကီအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၅သန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် အဲဗာတန်၊ နော်တင်ဟမ်ဖောရက်စ်၊ စပါးအသင်းတို့အနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မန်စီးတီးအသင်းထံမှ နာသန်အကီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## 2025 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Carlos Alcaraz တက်ရောက်

**နယူးယောက် စက်တင်ဘာ ၆**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော်အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။



အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic ကို ၆-၄၊ ၇-၆၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 US Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

### ထိုင်းဘုရင့်ဖလား ဘောလုံးပြိုင်ပွဲ(တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ပြိုင်ပွဲအမျိုးအစား |
|---|---|---|---|
| ၇-၉-၂၀၂၅ တနင်္ဂနွေနေ့ | ညနေ ၃း၃၀ နာရီ | ဟောင်ကောင် - ဖီဂျီ | တတိယနေရာလုပွဲ |
| ။ | ည ၇း၃၀ နာရီ | ထိုင်း - အီရတ် | ဗိုလ်လုပွဲ |

### ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ-အုပ်စုအဆင့်ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၇-၉-၂၀၂၅ တနင်္ဂနွေနေ့ | ည ၀၇း၃၀နာရီ | E | ဂျော်ဂျီယာ - ဘူလ်ဂေးရီးယား | —— |
| ။ | ည ၁၀း၃၀ နာရီ | G | လစ်သူယေးနီးယား - နယ်သာလန် | —— |
| ။ | ။ | J | မြောက်မက်ဆီဒိုးနီးယား - လက်ချ်တိန်း | လက်ချ်တိန်း ၀-၃ မြောက်မက်ဆီဒိုးနီးယား |
| ၈-၉-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၁း၁၅နာရီ | J | ဘယ်လ်ဂျီယံ - ကာဇက်စတန် | —— |
| ။ | ။ | A | ဂျာမနီ - မြောက်အိုင်ယာလန် | —— |
| ။ | ။ | A | လူဇင်ဘတ် - ဆလိုဗက်ကီးယား | —— |
| ။ | ။ | G | ပိုလန် - ဖင်လန် | ဖင်လန် ၂-၁ ပိုလန် |
| ။ | ။ | E | တူရကီယဲ - စပိန် | —— |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၇-၉-၂၀၂၅ တနင်္ဂနွေနေ့ | ည ၉း၄၅နာရီ | ကာတာ - ရုရှား |

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်အမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၅၁၄)၊ ဧရိယာ ပေ(၄၀×၆၀)ရှိ ဦးမြင့် အမည်ဖြင့် ချထားရရှိသော မြေကွက်၏ အနောက်ဘက်ခြမ်း ခဲစင်းပြဧရိယာ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သံဖရိန်(၂)ထပ်အဆောက်အအုံ၊ ရေ+မီး ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံ၊ သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိတို့က အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ ယင်းပစ္စည်းအရပ်ရပ်တို့ကို ပြန်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော (၁) မသန္တာလွင်(အဘ)ဦးအောင်လွင်၊ (၂) မောင်ရဲလင်းထွန်း(အဘ)ဦးအောင်လွင်(၄င်းတို့၏ သဘာဝအုပ်ထိန်းသူ မိခင်ဖြစ်သူ)ဒေါ်ဝင်းရွှေစင်ထွန်း(အဘ)ဦးသိန်းမြင့်(၉/အမဇ(နိုင်)၀၆၁၃၉၁)တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်မင်းလေး (LL.B) ဒေါ်အိအိဖွေး (LL.B) ဦးစင်မင်းထိုက် (LL.B) ဒေါ်ဆုမြတ်အောင် (LL.B) ဒေါ်နီနီမြင့် (LL.B) ဒေါ်ဆွေမြတ်စင်ဝင်း (LL.B) ဒေါ်မေသူစာဝင်း (LL.B)**

**တရားလွှတ်တောရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**၀၉-၇၇၈၈၈၉၇၈၆၊ ၀၉-၄၃၁၃၃၃၁၇၆၊ ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၂၅၆၀၂၈၄၉၁၊ ၀၉-၄၀၂၆၃၉၇၆၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အပိုင်း(၅)၊ ဦးပိုင်အမှတ်(၁၃၅) မြေကွက်သည် ဦးမြင့်ဇော်၊ ဒေါ်စန်း အမည်ဖြင့် ချထားရရှိသော မြေကွက်ဖြစ်ပြီး ၄င်းမြေကွက်၏ အလယ်ခြမ်း မျက်နှာစာ တောင်-မြောက် ၁၆ ပေ၊ အရှေ့-အနောက်(မြေပြင်အရှိအတိုင်း) အကျယ်အဝန်းရှိ မြေကွက်မြေသက်သက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိက အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်+ နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ ယင်းပစ္စည်းအရပ်ရပ်တို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သက်ဆုဝေ(အဘ)ဦးတင်ဝေ(၅/ဝသန(နိုင်)၀၅၁၄၁၉)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်မင်းလေး (LL.B) ဒေါ်အိအိဖွေး (LL.B) ဦးစင်မင်းထိုက် (LL.B) ဒေါ်ဆုမြတ်အောင် (LL.B) ဒေါ်နီနီမြင့် (LL.B) ဒေါ်ဆွေမြတ်စင်ဝင်း (LL.B) ဒေါ်မေသူစာဝင်း (LL.B)**

**တရားလွှတ်တောရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**၀၉-၇၇၈၈၈၉၇၈၆၊ ၀၉-၄၃၁၃၃၃၁၇၆၊ ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၂၅၆၀၂၈၄၉၁၊ ၀၉-၄၀၂၆၃၉၇၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်အမှတ်(၃၁) မြေကွက်သည် ဒေါ်ဝင်းမြ အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ တောင်အစွန်ဆုံးခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိသော မြေနှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မေသန္တာငြိမ်းထံမှ ကျွန်ုပ်၏အမှုသည်များက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ ထက်ဝက်ကျော်ဖြစ်သော ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နှယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆ /၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## အကွက်အမှတ်(ဗ-၂၅)၊ ဦးပိုင်အမှတ်(၃၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၅)၊ ဦးပိုင်အမှတ်(၃၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်ညိမ်း အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ထိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်အေးအေးသွယ်(ဘ)ဦးသိန်းမောင်(၉/မရတ(နိုင်)၁၃၁၃၇၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ စရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ(LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ ၁၁၃လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၅၁၀-က)၊ ဦးပိုင်အမှတ်(၂၂)၊ ၄၂လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြားရှိ ဦးအောင်မြင့် အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်)ဦးအောင်မြင့်၊ (မိခင်)ဒေါ်ဝင်းကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်ဖြူဝင်းမွန်(၉/မရတ(နိုင်)၁၁၄၃၇၃)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် ခဲစင်းပြအရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန့်တုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁)၊ ဦးပိုင်အမှတ်(၁-ခဲစင်း)၊ ၁၁၁လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ (ခင်ပွန်း)ဦးဝင်း ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်ခင်ဆွေ(၉/ပသက(နိုင်)၀၂၇၆၈၆)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြအမွေဆက်ခံစာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၂)၊ ဦးပိုင်အမှတ်(၁၂၄)၊ ၆၂လမ်းနှင့် ၆၄လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြားရှိ ဒေါက်တာ ငွေအောင်ဝင်း၊ဒေါ်လှလှမေ အမည်ပေါက် ဂရန်မြေကွက်အား (ခင်ပွန်း)ဦးငွေအောင်ဝင်း ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်လှလှမေ(၉/မရတ(နိုင်)၁၀၆၃၉၃)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၉၂)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ ဦးသင်းမောင် အမည်ပေါက် ဂရန်မြေကွက်အား (ဖခင်)ဦးသင်းမောင်၊ (မိခင်)ဒေါ်သိန်းညွန့်တို့ ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်သီတာမောင်(၉/မနမ(နိုင်)၀၈၉၀၉၁)၊ ဒေါ်ရူပါမောင်(၉/မနမ(နိုင်)၀၈၈၉၁၅)တို့က ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၁၁)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစော(၉/မနမ(နိုင်)၀၁၄၀၃၀)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၃၀/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၉၅)၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ တပ်ကြပ်ကြီး သောင်းရွှေ အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၀၆၁/၂၀၁၇)ဖြင့် အမွေဆက်ခံခဲ့သူ ဦးအောင်နိုင်၏ (SP ရရှိသူ ဒေါ်စိန်မမ)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၁၂၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ပြည့်ဖြိုးမေ(၉/ခမစ(နိုင်)၀၆၁၆၃၆)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၃၁/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၆)၊ ဦးပိုင်အမှတ်(၆၅)၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးထွေးမြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၀၉၂/၂၀၁၇)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ဘောက်(ခ)ဒေါ်နန်းပေါက်၏ (SP ရရှိသူ ဒေါ်စိန်မမ) ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၁၂၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ခင်ထွန်း(၉/ခမစ(နိုင်)၀၆၄၀၆၂)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၃၃၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ ရှေ့သို့လှမ်းချီရာတွင် နိုင်ငံစီးပွားရေးကို မြှင့်တင်ပေးခြင်းသည် အကောင်းဆုံးမောင်းနှင်အားပင်ဖြစ်ပါသည်။ လုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်အားပေးခြင်းဖြင့် နိုင်ငံ့စီးပွားရေးမြင့်မားရေး နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေးတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက KNU အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကော့ကရိတ်- သဃင်န်းညီနောင်-မြဝတီ အာရှလမ်းမကြီးအား ပြန်လည်ထိန်းချုပ်

နေပြည်တော် စက်တင်ဘာ ၆

KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၂၁ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နိုင်ငံ၏အချို့မြို့များတွင် ဖြစ်ပေါ်ခဲ့သည့် NLD အစွန်းရောက်တို့၏ ဆူပူအကြမ်းဖက်ဆန္ဒပြမှုတို့၏ နောက်ဆက်တွဲအဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်လာကြသူများအား လူသားချင်းစာနာထောက်ထားမှု အကြောင်းအရာခေါင်းစဉ်အောက်၌ လက်ခံထိန်းသိမ်းပြီး အဆိုပါထွက်ပြေးတိမ်းရှောင်လာသူများကိုအကြောင်းပြု၍ ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုကို မျှော်ကိုးရယူကာ နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းရေးအထိ စစ်ရေးပဋိပက္ခဖြစ်လာစေရေး အကြမ်းဖက်သင်တန်းများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်၍ တိုက်ခိုက်ရေးအင်အားစုဆောင်းကာ ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ထိန်းချုပ်ရန်၊ နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် ၎င်းတို့၏ စိတ်ကူးယဉ်စစ်ရေး ရည်မှန်းချက်ဖြစ်သည့် မြဝတီမြို့၊ ကော့ကရိတ်မြို့နှင့် ဘားအံမြို့တို့ကိုသိမ်းယူကာ သီးခြားလွတ်လပ်သော ကော်သူလေးပြည်နယ်နှင့် ကော်သူလေးအစိုးရ ထူထောင်ရေး စီမံဆောင်ရွက်လာခဲ့သည်။

ထိုသို့လုပ်ဆောင်ရာတွင် KNU၊ KNLA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဦးစွာ ပြည်တွင်းမှ နိုင်ငံရေးအရောင်ဆိုးခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံနယ်စပ်အနီးသို့ ထွက်ပြေးရောက်ရှိလာသည့် ကျောင်းသားလူငယ်များ၊ DCS ပြုလုပ်လာသည့် ဝန်ထမ်းများအား စာမျက်နှာ ၁၄ သို့ ✪



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သမားများ ခေတ္တစိုးမိုးထားသည့် သဃင်န်းညီနောင်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့မှုကို တွေ့ရစဉ်။

# ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ ဥရောပဇုန် ခြေစစ်ပွဲတွင် ဆားဘီးယား၊ ပေါ်တူဂီနှင့် အင်္ဂလန်တို့ နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့၊ အိုင်ယာလန်နှင့် ဟန်ဂေရီတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျ

**လန်ဒန် စက်တင်ဘာ ၆**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲစဉ်တွင် ဆားဘီးယား၊ ပေါ်တူဂီနှင့် အင်္ဂလန်တို့ နိုင်ပွဲကိုယ်စီ ရယူနိုင်ခဲ့သည်။

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(ဥရောပဇုန်)ခြေစစ်ပွဲ အုပ်စု(K)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၃၀မိနစ်က လတ်ဗီးယားအသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆားဘီးယားအသင်းက လတ်ဗီးယားအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အုပ်စု(F) ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီ ၃၀မိနစ်က အာမေးနီးယားအသင်းနှင့် ပေါ်တူဂီအသင်းတို့ ပွဲစဉ်တွင်လည်း ပေါ်တူဂီအသင်းက အာမေးနီးယားအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၁၀မိနစ်နှင့် ၆၂မိနစ်တွင် ဂျာအိုဖီးလစ်၊ ပွဲချိန် ၂၁မိနစ်နှင့် ၄၆မိနစ်တွင် စီရော်နယ်လ်ဒို၊ ပွဲချိန် ၃၂မိနစ်တွင် ကန်ဆယ်လိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပေါ်တူဂီအသင်းသည် အုပ်စု (F)ပထမပွဲစဉ်မှာပင် နိုင်ပွဲ စတင်ရယူပြီး အဖိုးတန် ရမှတ် သုံးမှတ် ရယူနိုင်ခဲ့သည်။

အုပ်စု(K) ပွဲစဉ်တွင်လည်း အင်္ဂလန်အသင်းနှင့် အန်ဒိုရာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက အန်ဒိုရာအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ လေးပွဲကစားအပြီးတွင် လေးပွဲစလုံး အနိုင်ရရှိကာ ရမှတ် ၁၂မှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။




အုပ်စု(F)ပွဲစဉ်အဖြစ် အိုင်ယာလန်အသင်းနှင့် ဟန်ဂေရီအသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့သည်။

(NGB)